# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

ပါတီစည်းရုံးရေးစာစဉ်

အောက်တိုဘာ၊ ၂၀၂၄



# ပါတီရဲ့အစဉ်အလာကို ဆက်ခံမြှင့်တင်ခြင်းဖြင့် ပါတီမွေးနေ့ကို ဂုဏ်ပြုကြ

(၁)

အောက်တိုဘာ ၁၄ ရက်နေ့မှာ ပါတီရဲ့တော်လှန်ရေးသက်တမ်း ၃၆ နှစ် ပြည့်ပါတယ်။ ဒီ ၃၆ နှစ်ကို ပြန်ကြည့်ရင် မြေပေါ်မှာမှတ်ပုံတင်ပြီး တရားဝင်လှုပ်ရှားခွင့်ရခဲ့တာက ၁၀ နှစ်၊ နေရာအနှံ့မှာ မြေအောက်ပါတီအဖြစ် ရပ်တည်လှုပ်ရှားခဲ့ရတာက ၂၆ နှစ် ဖြစ်ပါတယ်။

ဒါကိုကြည့်ရင် စစ်အုပ်စုဟာ ပါတီကို မြေပေါ်မှာ ကြာကြာ မထားရဲဘူး။ လူထုကြားမှာ လူထုနဲ့အတူ လက်တွဲပြီး အလုပ်လုပ်ခွင့် ကြာကြာမပေးရဲဘူးဆိုတာ ထင်ရှားပါတယ်။ စစ်အုပ်စုဟာ ဖြစ်နိုင်ရင် ပါတီကို အပြီးအပိုင် ဖျက်သိမ်းချေမှုန်းပစ်ချင်တယ်။ အကျဉ်းထောင်ထဲ ထည့်ထားချင်တယ်။ တောထဲကို မောင်းထုတ်ထားချင်တယ်။ ပါတီကို လူထုနဲ့ အဆက်ဖြတ်ထားချင်တာ ဖြစ်တယ်။ ဗိုလ်စောမောင်၊ ဗိုလ်ခင်ညွှန့် လက်ထက်မှာ တကြိမ်၊ ဗိုလ်မင်းအောင်လှိုင်၊ ဗိုလ်စိုးဝင်းတို့ လက်ထက်မှာ တကြိမ် လုပ်ခဲ့ကြတာ လက်တွေ့ပဲ ဖြစ်တယ်။

စစ်အုပ်စုက ဘာကြောင့် ပါတီကို ဒီလောက် အညှိုးတကြီး ဖြစ်နေရတာလဲ။

အဖြေက ရှင်းပါတယ်။ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရားတွေအပေါ်ထားတဲ့ ပါတီရဲ့ ပြတ်သားတဲ့ ရန်ငါစည်းခြားတိုက်ပွဲဝင်မှုတွေကြောင့် ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်ရဲ့ အလှည့်အဖျားတွေ၊ ဗယားတွေ၊ ဉာဏ်နီဉာဏ်နက်တွေကို လူထုနှင့်အတူ ဖွင့်ချဖော်ထုတ်တိုက်ပွဲဆင်ခဲ့တာတွေကြောင့် ဖြစ်တယ်။

ပါတီဟာ မြေပေါ်မှာရှိရှိ၊ မြေအောက်မှာရှိရှိ၊ လွတ်မြောက်နယ်မြေမှာရှိရှိ၊ ယုတ်စွအဆုံး အကျဉ်းထောင်ထဲမှာပဲရှိရှိ စစ်အုပ်စုရဲ့ မှားယွင်းလွဲချော်မှုတွေကို ဖွင့်ချဖော်ထုတ်ပြီး လူထုနဲ့အတူ၊ မိတ်ဖက်အင်အားစုတွေနဲ့အတူ ကျရာအခန်းကနေ အစွမ်းကုန် တိုက်ပွဲဆင်ခဲ့တာတွေကြောင့် ဖြစ်တယ်။

စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး၊ ၂၀၀၈ ခြေဥ အပြီးအပိုင်ဖျက်သိမ်းရေး၊ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး စတဲ့ နွေဦးတော်လှန်ရေးရဲ့ အန္တိမရည်မှန်းချက်တွေအပေါ်မှာ အခိုင်အမာရပ်ခံပြီး စစ်အုပ်စုရဲ့ အလိမ်အညာတွေကို တောက်လျှောက်ဖွင့်ချ တိုက်ပွဲဝင်နေမှုတွေကြောင့် ဖြစ်တယ်။

**''ရန်သူအဆန့်ကျင်ခံရတာဟာ ကိစ္စဆိုးမဟုတ်ဘူး၊ ကိစ္စကောင်းဖြစ်တယ်''** ဆိုတဲ့ စကား ရှိပါတယ်။

ဒီလို ဆန့်ကျင်ခံရမှုတွေအတွက် ကျနော်တို့ ဂုဏ်ယူတယ်။

ပါတီတည်ထောင်ခြင်း ၃၆ နှစ်ပြည့်မှာ ပါတီက ''**ဘုံသဘောထားကို ချမှတ်၊ စစ် ၃ စစ်ကို အမြစ်ဖြတ်**'' ဆိုတဲ့ အလုပ်ကြွေးကြော်သံကို တင်ခဲ့တယ်။ စစ် ၃ စစ်ကို အမြစ်ဖြတ်ဖို့ဆိုရင် မိမိတို့ အင်အားစုတွေကြားမှာ ဘုံသဘောထားတခု အခိုင်အမာချမှတ်ထားဖို့လိုအပ်ကြောင်း မိတ်ဖက်အင်အားစု အသီးသီးကို ပါတီက လေးလေးစားစားတင်ပြပြီး ညီညီညွတ်ညွတ်နဲ့ အားစိုက်ဆောင်ရွက်ကြဖို့ အလေး အနက် ပန်ကြား တိုက်တွန်းခဲ့ပါတယ်။

ပါတီဟာ သမိုင်းရဲ့ အကွေ့အချိုးတိုင်းမှာ မိတ်ဖက်အင်အားစုတွေနဲ့အတူ၊ လူထုကြီးနဲ့အတူ လုပ်ရှားရုန်းကန်ခဲ့တယ်။ အတူစဉ်းစား၊ အတူဆုံးဖြတ်၊ အတူဖော်ဆောင် ဆိုတာတွေကို အစဉ် အားထုတ်ကြိုးပမ်းခဲ့တယ်။

(၂)

ပါတီဝင်ထုတရပ်လုံးအနေနဲ့ ပါတီရဲ့ အဲဒီ အစဉ်အလာကောင်းတွေကို ဆက်ခံမြှင့်တင်ကြရလိမ့်မယ်။ ဆက်ခံမြှင့်တင်နိုင်ဖို့ဆိုရင် ပါတီဝင်တိုင်းဟာ နိုင်ငံရေးကောင်း၊ စည်းရုံးရေးကောင်း၊ စည်းကမ်းကောင်း၊ အလုပ်စွမ်းရည်ကောင်းတဲ့ ၄ မျိုးကောင်းကေဒါတွေ ဖြစ်ဖို့ ကိုယ့်ကိုယ်ကို အစဉ် တည်ဆောက်နေကြဖို့ လိုတယ်။ လေ့လာရေးကို ကြိုးကြိုးစားစားလုပ်ပြီး တိုက်ပွဲလက်တွေ့နဲ့ မှန်မှန်ကန်ကန် ပေါင်းစပ်ကြဖို့ လိုတယ်။ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကိုဝေဖန်ရေးကို ကျင့်သုံးပြီး တိမ်းစောင်း၊ အားနည်းနေမှုတွေကို အမြဲ တည့်မတ်၊ ဖြည့်ဆည်းနေဖို့ လိုအပ်တယ်။ ပါတီက အားထားရတဲ့၊ လှုပ်ရှားမှုကြီးက အားထားရတဲ့၊ လူထုနဲ့ တော်လှန်ရေးကြီးကို အလုပ်အကျွေးပြုနိုင်တဲ့ ကေဒါကောင်းတွေ၊ စည်းရုံးရေးမှူးကောင်းတွေ၊ အရေးတော်ပုံ တပ်သားကောင်းတွေ ဖြစ်လာအောင် အစဉ်အားထုတ် လုံးပမ်းနေကြရမှာဖြစ်တယ်။

ပါတီတရပ်ဟာ မှန်ကန်တဲ့တိုက်ပွဲလမ်းစဉ်တွေ၊ မှန်ကန်တဲ့ ပေါ်လစီတွေ ရှိရုံနဲ့ အသက်မဝင်သေးဘူး။ အဲဒီလမ်းစဉ်တွေ၊ အဲဒီပေါ်လစီတွေကို တော်လှန်ရေးလက်တွေ့နဲ့ မှန်မှန်ကန်ကန်ပေါင်းစပ်ပြီး အကောင်အထည်ဖော်မယ့် သန်စွမ်းတဲ့ကေဒါတွေ၊ သန်စွမ်းတဲ့ပါတီဝင်တွေရှိဖို့ လိုအပ်တယ်။ ဒါမှ ပြည့်စုံမှာ ဖြစ်တယ်။

ပါတီဟာ ၃၆ နှစ်သားပီပီ ၃၆ နှစ်တာ အတွေ့အကြုံတွေနဲ့ တစုံတရာ ရင့်ကျက်လာပြီ ဆိုနိုင်ပါ တယ်။ မှန်ကန်တဲ့ တိုက်ပွဲလမ်းစဉ်တွေ၊ မှန်ကန်တဲ့ပေါ်လစီတွေလည်း တစုံတရာ ချမှတ်နိုင်ပြီ ဆိုနိုင်ပါတယ်။

ပါတီအနေနဲ့ ပိုပြီး ကျန်းမာ၊ ပိုပြီး သန်စွမ်း၊ အရေးတော်ပုံကြီးမှာ ပိုပြီး ထည့်ဝင်ထမ်းရွက်နိုင်ဖို့ဆိုရင် ပါတီဝင် တဦးချင်းစီတိုင်းက ပါတီစိတ်ဓါတ်၊ တော်လှန်ရေးစိတ်ဓါတ်တွေနဲ့ ကိုယ်စီအားထုတ်ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပါတီဝင်တိုင်း၊ ပါတီဝင်တိုင်းအနေနဲ့ မိမိကိုယ်ကို ၄ မျိုးကောင်းကေဒါတွေ ဖြစ်လာအောင် အားထုတ်ကြိုးပမ်းကြပါ။ ပါတီတည်ဆောက်ရေးကို အစွမ်းကုန် ပြုလုပ်ကြပါ။ ပါတီရဲ့ အစဉ်အလာ ကောင်းတွေကို ဆက်ခံမြှင့်တင်ကြပါ။ အဲဒီအားထုတ်မှုများနဲ့ ပါတီမွေးနေ့ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးကြပါလို့ ဒီလစကားကနေ ချစ်ခင်တန်ဖိုးထားစွာ မှာကြား တောင်းဆိုလိုက်ပါတယ်။

၁၇၊ ၁၀၊ ၂၀၂၄။

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
# DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)

## (၃၆) နှစ်ပြည့် ပါတီဖွဲ့စည်းတည်ထောင်ခြင်းနေ့ အထိမ်းအမှတ်
## သဘောထားထုတ်ပြန်ချက်

ယနေ့ (၁၄၊ ၁၀၊ ၂၀၂၄) ရက်နေ့တွင် မိမိတို့ပါတီ ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်မှာ ၃၆ နှစ် တင်းတင်း ပြည့်ပြီ ဖြစ်သည်။

ပါတီ၏ ခက်ခဲကြမ်းတမ်းလှသည့် ဖြတ်သန်းမှုကြီးအတွင်း အသက်များ၊ ဘဝများ ပေးဆပ်စွန့်လွှတ်ခဲ့ကြသည့် ပါတီဝင်ရဲဘော်အပေါင်းကို လေးစားတန်ဖိုးထားစွာ ဦးညွှတ်ဂုဏ်ပြုအပ်ပါသည်။ အခက်အခဲ အကြပ်အတည်းပေါင်းစုံကို ကြံ့ကြံ့ခံ ရင်ဆိုင်လျက် ပါတီ၏ ဦးဆောင်မှုအောက်တွင် နေရာဒေသအသီးသီး၌ သဏ္ဌာန်အမျိုးမျိုးဖြင့် ယနေ့အထိ ကျားကုတ်ကျားခဲ တိုက်ပွဲဝင်နေကြသည့် ပါတီဝင်များ၊ ပါတီလိုလားသူများ အားလုံးကိုလည်း လေးစားလှိုက်လှဲစွာ ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

ပါတီသည် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးက မွေးဖွားပေးလိုက်သည့် နိုင်ငံရေးပါတီ ပီသစွာ အရေးတော်ပုံကြီး၏ မပြီးဆုံးသေးသည့် နိုင်ငံရေးတာဝန်များကို " ပြည်သူသာအမိ ပြည်သူသာအဖ" ဟူသည့် ဆောင်ပုဒ်ကို ကိုင်စွဲကာ လူမျိုးစုံပြည်သူလူထုကြီး၏ အကျိုးကို တည့်တည့်မတ်မတ် မျက်နှာမူလျက် ကြိုးပမ်းထမ်းရွက်ခဲ့ကြသည်။ သမိုင်း၏ အချိုးအကွေ့တိုင်းတွင် စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝရရှိရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားတန်တူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်ရေး စသည့် ပါတီ၏ အခြေခံမူများအပေါ် အခိုင်အမာ ရပ်ခံပြီး ပြည်သူလူထုကြီးနှင့်အတူ ၃၆ နှစ်တိုင်တိုင် ရဲဝံ့တည်ကြည်စွာ တိုက်ပွဲဝင်ခဲ့ကြသည်။

ယနေ့ ဆင်နွှဲနေကြသည့် နွေဦးတော်လှန်ရေးကြီးသည် ဒီရေမြင့်သစ်တခုကို ရောက်ရှိနေသည်ဟု ပါတီက ရှုမြင်ပါသည်။ နွေဦးတိုက်ပွဲသည် လူမျိုးစုံပြည်သူလူထုကြီးအဖို့ အဆုံးသတ်တိုက်ပွဲ ဖြစ်သည်၊ လူထုက နိုင်ကိုနိုင်မည့် တိုက်ပွဲဖြစ်သည်ဟု ပါတီက အခိုင်အမာ ယုံကြည်ပါသည်။

အာဏာသိမ်းစစ်ကောင်စီသည် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးစသည့် ဘက်အသီးသီးတွင် ကျရှုံး ပြိုဆင်းနေပြီဖြစ်သည်။ လူမျိုးစုံပြည်သူလူထုကြီးနှင့် တော်လှန်ရေးအင်အားစုအသီးသီး၏ သဏ္ဌာန်အမျိုးမျိုးသော ခုခံဆန့်ကျင် တော်လှန်စစ်ပွဲများကို နေရာတိုင်း၊ နယ်ပယ်တိုင်းတွင် အချိန်နှင့်အမျှ ရင်ဆိုင်နေရပြီ ဖြစ်သည်။ အာဏာသိမ်းစစ်ကောင်စီသည် လက်ငင်းရင်ဆိုင်နေရသည့် အကြပ်အတည်းမှ ဖောက်ထွက်နိုင်ဦးမည်ဟု ယူဆပြီး အယုတ်မာဆုံး၊ လူမဆန်ဆုံး၊ အကောက်ကျစ်ဆုံး နည်းလမ်းများကို အသုံးပြု ကျူးလွန်နေပြီ ဖြစ်သည်။

တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသည့် မြို့ရွာများတွင် လူထုကို ပစ်မှတ်ထား ဗုံးကြဲတိုက်ခိုက်သတ်ဖြတ်ပြီး လူထုနှင့်တော်လှန်ရေးအင်အားစုများကို ရန်တိုက်သွေးခွဲခြင်း၊ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး ဖိတ်ခေါ်စာ ဆိုသည်ကို ထုတ်၍ တော်လှန်ရေးအင်အားစုများကို လက်နက်ချအညံ့ခံစေခြင်း၊ ၂၀၀၈ ခြေဥကို ပြင်မည်၊ ရွေးကောက်ပွဲတွင် PR စနစ် ကျင့်သုံးမည်၊ ဗဟိုချုပ်ကိုင်မှု လျှော့ချမည်၊ ရွေးကောက်ပွဲလုပ်ပြီး အနိုင်ရပါတီကို အာဏာလွှဲမည် စသည့် အာဘော်အချို့ကိုထုတ်ပြီး တော်လှန်ရေးအင်အားစုများကြား အတွေးအခေါ်အရ ရှုပ်ထွေးဝေဝါးစေရန်၊ စည်းလုံးညီညွတ်ရေးကို ထိခိုက်စေရန်ကြံစည်ခြင်း၊ စစ်မှုထမ်းဥပဒေထုတ်၍ လူငယ်မျိုးဆက်များအပေါ်နည်းမျိုးစုံသုံး အကြပ်ကိုင်ပြီး အတင်းအဓမ္မ စစ်မှုထမ်းစေခြင်း စသည်တို့ကို စစ်ကောင်စီက တမျိုးပြီးတမျိုး ဆက်တိုက် ဆောင်ရွက်လျက် ရှိသည်။ စစ်ကောင်စီက ဆောင်ရွက်လာမည့် နည်းသဏ္ဍာန်မှာ ရွေးကောက်ပွဲအတုနှင့် တွေ့ဆုံဆွေးနွေးရေးအတု ဖြစ်ပြီး ရည်မှန်းချက်မှာ တော်လှန်ရေးကြီးနှင့် ပြည်သူလူထုကို စစ်အာဏာရှင်စနစ်နှင့် ၂၀၀၈ ခြေဥအောက်သို့ ပြန်ပို့ရေးပင် ဖြစ်သည်ဟု မိမိတို့ပါတီက သုံးသပ်ရှုမြင်ပါသည်။

မိမိတို့အင်အားစုအသီးသီးနှင့် လူထုကြီးအနေဖြင့် စစ်ကောင်စီ၏ လှည့်ကွက်များ၊ ခြေလှမ်းများ၊ အကြံအစည်ဆိုးများအပေါ် တော်လှန်ရေးအသိ၊ တော်လှန်ရေးသတိ ကြီးကြရမည် ဖြစ်ပါသည်။

မိမိတို့ပါတီအနေဖြင့် စစ်အာဏာရှင်စနစ်ဖြစ်သည့် စစ် ၃ စစ် (စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရား) ကို တစမကျန် ဖျက်သိမ်းပစ်ကြရပါမည်။ စစ်အာဏာရှင်စနစ်ကို အကာအကွယ်ပေးထားသည့် ၂၀၀၈ ခြေဥကို အပြီးအပိုင် ဖျက်သိမ်းပစ်ကြရပါမည်။ အမျိုးသားတန်းတူခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီကို အပြည့်အဝအာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို အခိုင်အမာ တည်ဆောက်ကြရပါမည်။ ဤ ၃ ချက်သည် နွေဦးတော်လှန်ရေးကြီး၏ အန္တိမရည်မှန်းချက်များဖြစ်ပြီး လူမျိုးပေါင်းစုံလူထုကြီး၏ ပြင်းပြသည့် ဆန္ဒသဘောထားလည်း ဖြစ်သည်ဟု မိမိတို့ပါတီက အခိုင်အမာယုံကြည်ပါသည်။

ဤ ရည်မှန်းချက် ၃ ရပ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် တော်လှန်ရေးအင်အားစု အသီးသီးအနေဖြင့် ဘုံသဘောတူညီချက်များ၊ ဘုံလုပ်ငန်းစဉ်များ ချမှတ်နိုင်ကြလိမ့်မည်ဟု မိမိတို့ပါတီက မျှော်လင့်ယုံကြည်ပါသည်။ ညီညွတ်ရေးကို အစွမ်းကုန် တည်ဆောက်ကြပြီး ဘုံသဘောထားရပ်တည်ချက်ကို အမြန်ဆုံး ချမှတ်ဆောင်ရွက်ကြဖို့ အလေးအနက် ပန်ကြားတိုက်တွန်းအပ်ပါသည်။ မိမိတို့ပါတီအနေဖြင့် လူထုကြီးနှင့်အတူ၊ မိတ်ဖက်အင်အားစုအသီးသီးနှင့်အတူ အစွမ်းကုန် အားထုတ်ကြိုးပမ်းသွားမည်ဟု အလေးအနက် ကတိသစ္စာ ပြုပါသည်။

**ဘုံသဘောထားကို ချမှတ်၊ စစ် ၃ စစ် ကို အမြစ်ဖြတ်။**

**စစ်အာဏာရှင်စနစ် မုချ ကျဆုံးရမည်။ အရေးတော်ပုံ အောင်ရမည်။**

ဗဟိုဦးဆောင်ကော်မတီ

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်။

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

# DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (၃၆) နှစ်ပြည့်**

**ပါတီဖွဲ့စည်းတည်ထောင်ခြင်းနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာများ**

၁။ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ)

၂။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)

၃။ ကရင်အမျိုးသားပါတီ (KNP)

၄။ ကရင်အမျိုးသားအစည်းအရုံး (KNU)

၅။ ကရင်လူငယ်အစည်းအရုံး (KYO)

၆။ ကြည့်မြင်တိုင်လူငယ်များ သပိတ်ကော်မတီ (KYSC)

၇။ စစ်ကိုင်းဖိုရမ် ဖြစ်မြောက်ရေးအဖွဲ့

၈။ စီဒီအမ်ပညာရေးဝန်ထမ်းများသမဂ္ဂ (CDMUEW)

၉။ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC)

၁၀။ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်တပ်ပေါင်းစု

၁၁။ ထားဝယ်ခရိုင် ဒီမိုကရေစီအရေးလှုပ်ရှားမှု သပိတ်ကော်မတီ (DDMSC)

၁၂။ ဒီမိုကရက်တစ်လူငယ်ကောင်စီ (DYC)

၁၃။ ဖက်ဒရယ်ဖော်ဆောင်ရေး ပြည်သူ့ကိုယ်စားလှယ်များကော်မတီ (PRCF)

၁၄။ ဗမာပြည်ကွန်မြူနစ်ပါတီ (CPB)

၁၅။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ABFSU)

၁၆။ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်ကဗျာဆရာများ သမဂ္ဂ (ဗလကသ)

၁၇။ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (ABFTU)

၁၈။ မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေသပိတ်ကော်မတီ (MGTNGSC)

၁၉။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)

၂၀။ မန္တလေးခရိုင် ကျောင်းသားများသမဂ္ဂ

၂၁။ မန္တလေး နိုင်ငံရေးစကြာန် ဖြစ်မြောက်ရေးအဖွဲ့ (OFMPP)

၂၂။ မန္တလေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ

၂၃။ မန္တလေးတိုင်းလွှတ်တော်ကိုယ်စားပြုကော်မတီ (CRMH)

၂၄။ မန္တလေးဒေသ ကြားကာလ နိုင်ငံရေးအစီအမံ ဖော်ထုတ်မှုဆိုင်ရာ ချိတ်ဆက်ညှိနှိုင်းရေးနှင့် မူကြမ်းရေးဆွဲရေး လုပ်ငန်းကော်မတီ

၂၅။ မန္တလေးလူငယ်အစည်းအရုံး - တော်လှန်ရေးအစုအဖွဲ့ (MRYA –RCG)

၂၆။ မြန်မာနိုင်ငံ အထွေထွေအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FGWM)

၂၇။ မြန်မာမွတ်စလင်မ် တော်လှန်ရေးအင်အားစု (MMRF)

၂၈။ မြန်မာ့နွေဦးတော်လှန်ရေး နိုင်ငံတကာကွန်ရက် (INMSR)

၂၉။ မြန်မာ့မီးရထား သွားလာပို့ဆောင်ရေးသမဂ္ဂ (MRTU)

၃၀။ မြန်မာအမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များကွန်ရက် (MWPM)

၃၁။ မြို့အမျိုးသားဒီမိုကရေစီပါတီ (MNDP)

၃၂။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (ALD)

၃၃။ ရတနာပုံတော်လှန်ရေးတပ်ဖွဲ့ (YRF)

၃၄။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗကသများ အဖွဲ့ချုပ်)

၃၅။ ရန်ကုန်အခြေစိုက် တက္ကသိုလ်ကျောင်းသားသမဂ္ဂများ (တကသများရန်ကုန်) ကျောင်းသားလက်ရုံးတပ်တော် (ကလတ) - (ASU/SAF)

၃၆။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းသားများသမဂ္ဂ

၃၇။ ရှမ်းပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)

၃၈။ လီဆူလူငယ်အစည်းအရုံး (LYC)

၃၉။ လူထုတော်လှန်ရေးမဟာမိတ်အင်အားစု (PRA – Magway)

၄၀။ လူ့ဘောင်သစ်လူငယ် (YNS)

၄၁။ လူမျိုးပေါင်းစုံ ဖက်ဒရယ်ဒီမိုကရေစီတပ်ပေါင်းစု (လဖဒတ)

၄၂။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)

၄၃။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU)

၄၄။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)

၄၅။ ပြည်သူ့လွတ်လပ်ရေးအဖွဲ့/ ပြည်သူ့လွတ်လပ်ရေးတပ်တော် (PIO/PIA)

၄၆။ ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့ (PLF)

၄၇။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)

၄၈။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)

၄၉။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)

၅၀။ ရောဝတီမြစ်ဝကျွန်းပေါ် အမျိုးသားများပြည်နယ်ကောင်စီ (IDNSC)




# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဖွဲ့စည်းတည်ထောင်ခြင်းနေ့ (၃၆) နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် ပါတီဥက္ကဋ္ဌဦးအောင်မိုးဇော်၏အဖွင့်မိန့်ခွန်း

အားလုံးပဲမင်္ဂလာပါ။

ကျနော်တို့ပါတီ မွေးနေ့ပွဲကို တက်ရောက်လာကြတဲ့ ကျနော်တို့ရဲဘော်တွေ ကျနော်တို့မိတ်ဆွေတွေ ကျနော်တို့ မဟာမိတ်အင်အားစုအသီးသီးကို အထူးပဲကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ ဒီနေ့လို အခြေနေမျိုးမှာ ကျနော်တို့ပါတီရဲ့မွေးနေ့ပွဲအခမ်းအနားကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ဖို့ အခြေအနေ မပေးတဲ့အတွက် အခုလို အွန်လိုင်းအခမ်းအနားပဲ လုပ်နိုင်ခဲ့ပါတယ်။ နောက်တချက် ကျနော်တို့ ဖိတ်ကြားတဲ့ နေရာမှာလည်းပဲ တစုံတရာအကန့်အသတ်ရှိမယ်၊ လိုအပ်တာရှိမယ်။ ကျန်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေ ရှိခဲ့ရင် ကျနော် အထူးပဲ တောင်းပန်ပါတယ်။ နောက် ကျနော် အဓိကပြောချင်တာကတော့ ဒီအခမ်းအနားကို တက်ရောက်လာကြတဲ့ ကျနော်တို့ကို လာပြီးအားပေးကြတဲ့ ဂုဏ်ပြုကြတဲ့ ကျနော်တို့မိတ်ဆွေတွေ အထူးသဖြင့် မြန်မာပြည်တွင်းက မိတ်ဆွေတွေ၊ အထူးသဖြင့် လက်နက်ကိုင်တော်လှန်ရေးဒေသက မိတ်ဆွေတွေ နောက် ကျနော်တို့နဲ့အတူ အလုပ်လုပ်နေတဲ့ ရဲဘော်ရဲဘက်တွေ၊ အဖွဲ့အစည်းတွေ အားလုံးကို ကျေးဇူးတင်ကြောင်း ထပ်ပြီးတင်ပြချင်ပါတယ်။

ဒီနေ့ကာလမှာတော့ ကျနော်တို့ပါတီမွေးနေ့ဆိုလို့ ဒီအပေါ်မှာ နည်းနည်းလေး အခွင့်ကောင်းယူပြီး တော့ ကျနော်တို့ပြောချင်တဲ့ နိုင်ငံရေးအမြင်တချို့ကို တင်ပြခွင့်ပြုပါလို့ ပြောချင်ပါတယ်။ ကျနော့်အနေနဲ့ မြင်တာကတော့ ကျနော်တို့ နွေဦးတော်လှန်ရေး အစကတည်းက ကျနော်တို့ကြွေးကြော်ခဲ့တဲ့ ကြွေးကြော်သံ ရှိတယ်၊ တောင်းဆိုခဲ့တဲ့ တောင်းဆိုမှုတွေရှိတယ်။ အဲ့တောင်းဆိုမှုကတော့ ကျနော့်နားလည်မှုအရတော့ သုံးချက်လို့ ကျနော် မှတ်မိတယ်။ တစ်တချက်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဆုံးစွန်ဆုံး လုံးလုံး ဖျက်သိမ်းပစ်ရမယ်ဆိုတဲ့ အချက်တချက်က အဓိကဖြစ်တယ်။ ဒုတိယအဓိကအချက်က ဘာလဲဆိုတော့ စစ်အာဏာရှင်စနစ်ကို အာဏာရှင်စနစ်တွေကို လုံးဝဖျက်သိမ်းပစ်ရမယ်ဆိုတဲ့ အချက်

ဖြစ်တယ်။ တတိယတချက်ကဘာလဲဆိုတော့ ကျနော်တို့တိုင်းပြည်ကို ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုအဖြစ် ပြန်လည်တည်ဆောက်ရမယ် ဆိုတဲ့အချက်ဖြစ်တယ်။ ဒီသုံးချက်က နွေဦးတော်လှန်ရေး စကတည်းက ကနေ့အချိန်ထိရှင်သန်နေတဲ့၊ ကနေ့အချိန်ထိ အားကောင်းနေတဲ့၊ ကျနော်တို့ ပြည်သူတွေက အမှန်တကယ်ပဲ နှစ်နှစ်ကာကာ တောင်းဆိုတဲ့ တောင်းဆိုမှုဖြစ်တယ်။ ကနေ့ထိ ဒီသုံးချက်က မရနိုင်သေးဘူး။ ကနေ့ထိ ဒီသုံးချက် ယိုင်နဲ့မသွားသေးဘူး။ ပိုပြီးတော့အားကောင်းလာတယ်လို့ ကျနော်တို့ရှုမြင်ပါတယ်။

ဒါကြောင့် ကနေ့တော်လှန်ရေးအတွင်းမှာ၊ ကနေ့လှုပ်ရှားမှုကြီးအတွင်းမှာ ဒီအချက်သုံးချက်ကို မဏ္ဍိုင်ထားပြီး ဒီအချက်သုံးချက်ကို အားလုံးက စုပေါင်းဖက်တွယ်ပြီးတော့ ရှေ့ဆက် ချီတက်ကြမယ်ဆိုရင် ကျနော်တို့လှုပ်ရှားမှုက ဒီထက် ပိုအားကောင်းမယ်၊ ကျနော်တို့လှုပ်ရှားမှုက ရန်သူကို ဖြိုလှဲပစ်နိုင်မယ်လို့ ကျနော့်အနေနဲ့တော့ အဲ့ဒီလိုယုံကြည်ပါတယ်။ ဒါကြောင့်မို့လည်း ကနေ့ကာလမှာ ကျနော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အနေနဲ့ဖြစ်ဖြစ် ကျနော်တို့လူ့ဘောင်သစ် လူငယ်ရဲဘော်တွေအနေနဲ့ဖြစ်ဖြစ် ဒီသုံးချက်အပေါ်မှာ အခြေပြုပြီးတော့ ကျနော်တို့လှုပ်ရှားမှုတွေ ဖော်ဆောင်တဲ့အခါမှာဖြစ်ဖြစ် အလုပ်လုပ်ကြတဲ့ နေရာမှာပဲဖြစ်ဖြစ် ဒီသုံးချက်ကို အခြေခံအားဖြင့် မဏ္ဍိုင်ထားတယ်လို့ ကျနော်တို့ အသိပေးတင်ပြချင်ပါတယ်။

ဒီနေ့ နိုင်ငံရေးအခြေအနေတွေကို ကြည့်မယ်ဆိုရင် နိုင်ငံတကာအနေထားရဲ့ အားကိုပဲကြည့်ကြည့် အိမ်နီးချင်းနိုင်ငံကိုပဲကြည့်ကြည့် တကမ္ဘာလုံးအတိုင်းအတာအရ ယေဘုယျဖြင့်တော့ ကျနော်တို့ဘက်မှာ ရှိတယ်လို့ ဆိုလို့ရတယ်။ သို့သော်လည်းပဲ တည်ရှိမှုပုံစံတွေ၊ ချဉ်းကပ်တဲ့ပုံစံတွေ ကျနော်တို့ကို နားလည်တဲ့ပုံစံတွေ ကျနော်တို့တိုင်းပြည်ကို ဖြစ်စေချင်တဲ့ပုံစံတွေက အမျိုးမျိုးတော့ ကွဲပြားခြားနားကြတယ်။ အထူးသဖြင့် ကနေ့ကာလမှာ ကျနော်တို့ဒေသတွင်း နိုင်ငံတွေရဲ့ ကျနော်တို့တိုင်းပြည်အပေါ် ချဉ်းကပ်မှုပေါ့။ အထူးသဖြင့် အခု ကျနော်တို့နေထိုင်တဲ့ မြန်မာပြည်ရဲ့ အနောက်ဖက်ကတိုင်းပြည်၊ တရုပ်ပြည် စသဖြင့် ဒီနိုင်ငံတွေရဲ့ ကျနော်တို့တိုင်းပြည်နဲ့ပတ်သက်လို့ ရှေ့ကိုသွားစေလိုတဲ့ သဘောထားကတော့ ကျနော်တို့ ပြည်သူတွေရဲ့ သဘောထားနဲ့ ကနေ့ကာလမှာ တော်တော်လေး ကွဲပြားခြားနားနေတယ်လို့ ကျနော်တော့ ယူဆတယ်။ ကျနော်တို့တိုင်းပြည်ထဲမှာ ကနေ့စစ်အုပ်စုနဲ့ ကနေ့ဖက်ဆစ်တွေနဲ့ ဖက်ဆစ်တွေထက်တောင် ဆိုးတဲ့ ပုဂ္ဂိုလ်တွေနဲ့ ကျနော်တို့ကို စကားပြောဖို့ ကျနော်တို့ကို စေ့စပ်ဖို့ အဲ့ကနေမှတဆင့် အပြောင်းအလဲ လုပ်ဖို့ ဆိုတဲ့ကိစ္စကို ကနေ့ ထိုင်းနိုင်ငံကပဲဖြစ်ဖြစ်၊ အိန္ဒိယနိုင်ငံကပဲဖြစ်ဖြစ်၊ တရုတ်နိုင်ငံကပဲဖြစ်ဖြစ် ကျနော်တို့ကို ဝိုင်းဝန်းပြီးတော့ ကျဉ်းထဲကြပ်ထဲရောက်အောင် တွန်းနေကြတယ်။ ကျနော် ဒီနေ့ကာလမှာ အဓိကပြောချင်တာကတော့ ဒီလိုတောင်းဆိုမှုမျိုးတွေ၊ ဒီလို ကျနော်တို့အပေါ်မှာ တွန်းနေတဲ့ တိုက်တွန်းချက်တွေကို ကျနော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ လုံးဝလက်မခံကြောင်း၊ လုံးဝဆန့်ကျင်ပါကြောင်း ကနေ့ မွေးနေ့အခါသမယမှာ တင်ပြချင်ပါတယ်။

ကနေ့ ကျနော်တို့ပြည်သူတွေ တောင်းဆိုနေတာက ဒီစစ်အုပ်စုကို နိုင်ငံရေးအဝန်းအဝိုင်းက ဖယ်ထုတ်ပစ်ရမယ်။ ကျနော်တို့တိုင်းပြည်ကို ကျနော်တို့ဖာသာ ကျနော်တို့ အင်အားစုတွေအချင်းချင်းကြား စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အသေအချာဆွေးနွေးပြီးတော့ တည်ဆောက်ကြရလိမ့်မယ်။ အဲ့လို တည်ဆောက်တဲ့နေရာမှာလည်း ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းသာလျှင် အမှန်ကန်ဆုံးလမ်းကြောင်း ဖြစ်တယ်။ ဒီလမ်းကြောင်းကို ကျနော်တို့ လျှောက်လှမ်းနိုင်ပါမှ ကျနော်တို့တိုင်းပြည်ဟာ ငြိမ်းချမ်းတဲ့

တိုင်းပြည်ဖြစ်မယ်။ ကျနော်တို့တိုင်းပြည်ဟာ တစုံတရာ စုစည်းနိုင်တဲ့၊ ညီညွတ်နိုင်တဲ့ တိုင်းပြည်တရပ်ဖြစ်မယ်။ တိုးနိုင်တဲ့ တိုင်းပြည်တရပ်ဖြစ်မယ်လို့ ကျနော်တို့ အခိုင်အမာယုံကြည်ခဲ့တာ ဖြစ်တယ်။ အဲ့ဒီအတွက်လည်း ကျနော်တို့လူငယ်တွေ၊ ကျနော်တို့ရဲဘော်လေးတွေ၊ ကျနော်တို့ပြည်သူတွေ လမ်းမပေါ်မှာ သွေးတွေချွေးတွေ ပေးခဲ့ကြရတာ ဖြစ်တယ်။ တောထဲ၊တောင်ထဲမှာ သွေးတွေ၊ ချွေးတွေ၊ ၊အသက်တွေပေးခဲ့ကြရတာ ဖြစ်တယ်။ အကျဉ်းထောင်တွေထဲမှာ မနေ့တနေ့ကအထိ ဖမ်းလို့၊ဆီးလို့ မကုန်သေးဘူးဖြစ်တယ်။ တိုးချဲ့နေတုန်းပဲ ဖြစ်တယ်။ သို့သော်လည်း ဘယ်လောက်ပဲဖမ်းဖမ်း၊ ဘယ်လောက်ပဲသတ်သတ်၊ ဘယ်လောက်ပဲသေသေ ကျနော်တို့ပြည်သူတွေ၊ ကျနော်တို့ရဲဘော်တွေ၊ ကျနော်တို့ညီငယ်တွေက ကျနော်တို့တိုင်းပြည် ရည်မှန်းထားတဲ့ လွတ်ကိုလွတ်မြောက်ရမယ်လို့ ရည်မှန်းထားတဲ့ ရည်မှန်းချက်အပေါ်မှာ ကနေ့အထိ အလျှော့မပေးသေးဘူး ဖြစ်တယ်။ ကနေ့ထိ ဆက်လက်တိုက်ပွဲဝင်နေတုန်းပဲ ဖြစ်တယ်။ အဲ့အတွက် ကျနော်တို့ကတော့ အဲ့ဒီအပေါ်မှာ အခိုင်အမာရပ်တည်ဖို့၊ အခိုင်အမာ နှစ်နှစ်ကာကာရှိဖို့၊ မြေပြင်ကရဲဘော်တွေ ထောင်ထဲကရဲဘော်တွေ ကျဆုံးသွားတဲ့ရဲဘော်တွေ အထဲမှာရှိတဲ့ ပြည်သူတွေနဲ့ အတူတူ ကျနော်တို့ တသားတည်းရှိနေဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ ကနေ့တိုင်းပြည်ရဲ့ အခြေအနေနဲ့ ပတ်သက်လို့ အကျယ်ချဲ့ပြီးတော့ ပြောမယ်ဆိုမယ်ဆိုရင်တော့ အများကြီးပြောစရာ ရှိနိုင်ပါတယ်။ သို့သော်လည်းပဲ ချုပ်ပြီး တင်ပြချင်တာကတော့ ဒီ ၂၀၀၈ ဆိုတဲ့ကိစ္စ ဖျက်ကိုဖျက်ရတော့မှာ ဖြစ်တယ်၊ လွှင့်ကိုပစ်ရတော့မှာ ဖြစ်တယ်၊ ဆုတ်ဖြဲပစ်ရတော့မှာ ဖြစ်တယ်လို့ ကျနော့်အနေနဲ့ ပြောချင်တယ်။ အာဏာရှင်စနစ်တွေ ကျနော်တို့တိုင်းပြည်အတွင်းမှာ ပေါ်ပေါက်မလာအောင် ဆောင်ရွက်ဖို့က တော်လှန်ရေးထဲမှာရော နောက်ပိုင်း တော်လှန်ရေးအောင်ပြီးတဲ့ အခါမှာရော ကနေ့တည်းက စတင်ကျင့်သုံး ကိုင်စွဲရမယ့် သဘောထားဖြစ်တယ်လို့ ပြောချင်ပါတယ်။

နောက်ဆုံးတချက် ပြောချင်တာကတော့ ကျနော်တို့တိုင်းပြည်ဟာ ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်ကိုလျှောက်လှမ်းရမှာဖြစ်တယ်၊ ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းကို အခုကတည်းက စပြီးတော့ ကျနော်တို့ လျှောက်လှမ်းကြရမှာဖြစ်တယ်လို့ ပြောချင်ပါတယ်။ ကနေ့ ကရင်နီဆိုရင်ကြည့်၊ ကနေ့ဆိုလို့ရှိရင် ကရင်ဒေသတွေကိုကြည့်၊ ကနေ့ဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးလို့ပဲပြောပြော၊ ကြားကာလကိစ္စတွေကိုပဲပြောပြော ကြိုးစားဆောင်ရွက်မှုတွေကို ကြည့်။ ကျိန်းသေတာက ကျနော်တို့တိုင်းပြည်က ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းပေါ်ကို အခုတည်းက စလျှောက်နေပြီဖြစ်တယ်။ အဲ့လို လျှောက်လှမ်းတဲ့နေရာမှာလည်း တကယ်တမ်းကျတော့ အောက်ခြေဒေသက ပြည်သူတွေနဲ့ တကယ် လက်တွဲပြီးတော့ အောက်ကတဆင့်တဖြည်းဖြည်းချင်း ကျနော်တို့ဖာသာကျနော်တို့ တည်ဆောက်နေကြတာကို တွေ့ကြရတယ်။ အဲ့ဒီလမ်းကြောင်းဟာ အမှန်အားဖြင့် အောင်မြင်မှာဖြစ်တယ်လို့ ကျနော့်အနေနဲ့ တင်ပြချင်ပါတယ်။ လက်ရှိနိုင်ငံရေးအခြေအနေလို့ ပြောတဲ့အခါမှာ အများကြီး အကြီးအကျယ်တွေ ပြောမှာတော့မဟုတ်ပါဘူး။ အခြေခံကတော့ ဒီအချက်တွေပါပဲ။ ဒီအခြေခံအချက်တွေအပေါ်မှာ ကျနော်တို့ ခိုင်ခိုင်မာမာကိုင်စွဲပြီးတော့ ကနေ့ နွေဦးတော်လှန်ရေးရဲ့ တောင်းဆိုမှုပဲဖြစ်ဖြစ်၊ ကနေ့မြန်မာပြည်သူတရပ်လုံး၊ လူမျိုးစုံပြည်သူတရပ်လုံးရဲ့ တောင်းဆိုမှုအရပဲဖြစ်ဖြစ် ဆက်ပြီးတော့ ကျနော်တို့ရည်မှန်းချက်တွေကို မရရအောင် ရတဲ့အထိ ချီတက်သွားမှာ ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ ■



# ဘုံသဘောထားရစ်တည်ချက်ကို ဘယ်စံပေါ်က ချမှတ်ကြမလဲ

**လွန်းနွေငြိမ်း**

**လူမျိုးစုံပြည်သူလူထုကြီးရဲ့ ဘုံရန်သူဟာ စစ်အာဏာရှင်စနစ် ဖြစ်တယ်။**

ဒီနေ့ ကျနော်တို့နိုင်ငံမယ် ဖြစ်ပွားနေတဲ့ ပဋိပက္ခကိုကြည့်ရင် အရင်းခံအားဖြင့် ပဋိပက္ခက ၃ ခု ဖြစ်တယ်။

(၁) ဒီမိုကရေစီလိုချင်တဲ့ လူမျိုးစုံပြည်သူလူထုကြီးနှင့် စစ်အာဏာရှင်စနစ်ကို အသေ ဖက်တွယ်ထားလိုတဲ့ စစ်အုပ်စုကြားက ပဋိပက္ခ။

(၂) ၂၀၀၈ ခြေဥကို ဖျက်သိမ်းပစ်လိုတဲ့ လူမျိုးစုံပြည်သူလူထုကြီးနှင့် ၂၀၀၈ ခြေဥကို အသေဆုပ်ကိုင်ထားလိုတဲ့ စစ်အုပ်စုကြားက ပဋိပက္ခ။

(၃) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်လိုတဲ့ လူမျိုးစုံပြည်သူလူထုကြီးနှင့် ဖက်ဒရယ်အယောင်ပြ တပြည်ထောင်စနစ်ကိုသာ ပြဋ္ဌာန်းကျင့်သုံးလိုတဲ့ စစ်အုပ်စုကြားက ပဋိပက္ခ ဆိုတဲ့ ၃ ခု ဖြစ်ပါတယ်။

ဒါကိုကြည့်ရင် ရန်ငါမျဉ်းက တော်တော်ရှင်းပါတယ်။

လူမျိုးစုံပြည်သူလူထုကြီးကတဖက်၊ စစ်အုပ်စုကတဖက် ဖြစ်ပါတယ်။

လူမျိုးစုံပြည်သူလူထုကြီးရဲ့ ဘုံရန်သူဟာ စစ်အာဏာရှင်စနစ် တနည်းအားဖြင့် စစ် ၃ စစ် (စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရား) ဖြစ်တယ်ဆိုတာ ရှင်းလင်းပါတယ်။

ဒီပဋိပက္ခတွေဟာ စေ့စပ်ကြေအေးလို့ ပြေလည်သွားနိုင်တဲ့ ပဋိပက္ခမျိုး မဟုတ်ဘူး။ ရင်ကြားစေ့ရုံနဲ့ ပြီးစီးသွားမယ့် ပဋိပက္ခမျိုး မဟုတ်ဘူး။ အလျော်သမားကောင်းကောင်းနဲ့ ဈေးညှိပြီး နင်ကဒါယူ နင်က ဒါယူ ဆိုတာလောက်နဲ့ အဆုံးသတ်လို့ရတဲ့ ပဋိပက္ခမျိုး မဟုတ်ဘူးဆိုတာ အလွန်သေချာပါတယ်။

ဒါကြောင့်ပဲ နွေဦးတော်လှန်ရေးဟာ **စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး၊ ၂၀၀၈ ခြေဥ အပြီးအပိုင်ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး** ဆိုတဲ့ တိုက်ပွဲ ကြွေးကြော်သံကို တညီတညွတ်တည်း ချမှတ်ကိုင်စွဲခဲ့ကြတာဖြစ်ပါတယ်။ ဒီ ၃ ချက်ဟာ လူမျိုးစုံပြည်သူ လူထုကြီးရဲ့ ပြင်းပြတဲ့ဆန္ဒသဘောထားတွေဖြစ်သလို ဒီကနေ့ ဆင်နွှဲနေကြတဲ့ နွေဦးတော်လှန်ရေးကြီးရဲ့ အန္တိမရည်မှန်းချက်တွေလည်း ဖြစ်ပါတယ်။

## ရည်မှန်းချက် ၃ ရပ် အကောင်အထည်ဖော်ဖို့ ကျနော်တို့ ဘာလုပ်ကြမလဲ။

ကျနော်တို့ပါတီက ပါတီတည်ထောင်ခြင်း ၃၆ နှစ်ပြည့်နေ့မှာ **ဘုံသဘောထားကို ချမှတ်၊ စစ် ၃ စစ်ကို အမြစ်ဖြတ်** ဆိုတဲ့ အလုပ်ကြွေးကြော်သံတရပ်ကို တင်ပြခဲ့ပါတယ်။ နွေဦးရည်မှန်းချက် ၃ ရပ်ကို ဖော်ဆောင်ကြမယ့်၊ လက်တွေ့လည်း နေရာဒေသအသီးသီးမှာ တိုက်ပွဲသဏ္ဌာန်အမျိုးမျိုးနဲ့ စစ်အုပ်စုကို တိုက်ပွဲဆင်နေကြတဲ့ အင်အားစုအသီးသီး စုပေါင်းပြီး၊ လက်တွဲပြီး ဘုံသဘောထား ရပ်တည်ချက်တရပ် ချမှတ်နိုင်ကြဖို့ ပါတီက လေးလေးနက်နက် ဆော်ဩ ပန်ကြားလိုက်တာ ဖြစ်ပါတယ်။

ရန်သူ စစ်အုပ်စုက One Command နဲ့ တိုက်နေတဲ့အချိန်မှာ ကျနော်တို့က အကွဲကွဲအပြားပြား ကိုယ့်အစီအစဉ်နဲ့ကိုယ်၊ ကိုယ့်စဉ်းစားချက်နဲ့ကိုယ် မညှိမနှိုင်း တနိုင်တပိုင်တိုက်နေလို့ မဖြစ်ပါဘူး။ ညှိနှိုင်းမှုရှိရှိ လက်တွဲပြီး တိုက်ကြပါမှ ကျနော်တို့လိုချင်တဲ့ ပန်းတိုင်ကို အရောက်ချီနိုင်ကြမှာ ဖြစ်ပါတယ်။

ဖြစ်နိုင်ရင် နွေဦးတော်လှန်ရေး အင်အားစုအသီးသီး စုစည်းထားတဲ့ ကျယ်ပြန့်ခိုင်မာပြီး အား ကောင်းတဲ့ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးတခုကို ဖွဲ့စည်းကြရမှာ ဖြစ်ပါတယ်။ တိုက်ပွဲလက်တွေ့ အရ ဒီအဆင့်အထိ ခက်ခဲနေသေးတယ်ဆိုရင် အင်အားစုအသီးသီး ပါဝင်ပြီး ဘုံသဘောထားရပ်တည်ချက် တရပ်ကို စုစည်းချမှတ် ကိုင်စွဲထားကြရမှာ ဖြစ်ပါတယ်။

အဲဒီ ဘုံသဘောထားရပ်တည်ချက်ရဲ့အောက်မှာ စစ်ရေး နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ကြရမယ်။ စစ်ရေး၊ နိုင်ငံရေးဆိုင်ရာ Command Center တွေ၊ Coordination and Coopera-tion Center တွေ စုဖွဲ့ဆောင်ရွက်ကြရမယ်။ စစ်ဒေသအသီးသီးမှာ တိုက်ပွဲဝင်နေကြတဲ့ တော်လှန်ရေး အင်အားစုဝင်တိုင်းကို ပင်မစုဖွဲ့မှုကြီးအောက်က အားထားရတဲ့ ခြေတံလက်တံတွေဖြစ်လာအောင် စီစဉ်ပေး ကြရမှာ ဖြစ်ပါတယ်။

## စစ်အုပ်စုရဲ့ ကြေညာချက်နဲ့ မအလရဲ့မိန့်ခွန်းက ဘာအဓိပ္ပာယ်လဲ။

ပြီးခဲ့တဲ့ စက်တာဘာ ၂၆ ရက်နေ့က စကစ က နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးအရ ဖြေရှင်းကြဖို့ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေကို ဖိတ်ခေါ်တဲ့စာ ဆိုတာ ထွက်တယ်။ အောက်တိုဘာ ၁၅ ရက်နေ့ NCA လက်မှတ်ထိုးခြင်း ၉ နှစ်မြောက်နေ့မှာ စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်မင်းအောင်လှိုင်က မိန့်ခွန်းပြောတယ်။

သူတို့ထုတ်တဲ့စာနဲ့ သူပြောတဲ့ မိန့်ခွန်းရဲ့ အတွင်းသဘောကို ချုပ်ကြည့်ရင်

သူတို့ မရှုမလှ ခံနေရပြီ၊ သူတို့ အတော်ကြီးကို အကြပ်အတည်း ဆိုက်နေပြီဆိုတာ မြင်သာတယ်။

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းပါ ဆိုတာရဲ့ အဓိပ္ပာယ်ကကျ **လက်နက်ချပါ။ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပါ။ စကစရဲ့ လမ်းပြမြေပုံအတိုင်း လိုက်လုပ်ပါ။ နိုင်ငံရေးပါတီထောင်ပြီး စကစက လုပ်ပေးမယ့် ရွေးကောက်ပွဲကို ဝင်ကြပါ** ဆိုတာပဲ ဖြစ်ပါတယ်။ **နိုင်ငံရေးနည်းနဲ့ဖြေရှင်းခြင်း** ညီမျှခြင်း **လက်နက်ချအညံ့ခံခြင်း** ဖြစ်ပါတယ်။

ထွက်ပေါက်ပိတ်နေတဲ့ စစ်အုပ်စုဟာ တွေ့ဆုံဆွေးနွေးရေးလိုလို ဘာလိုလိုလေး မဖြစ်ညစ်ကျယ် လောက် လုပ်ပြပြီး သူလုပ်ပေးမယ့် ၂၀၀၈ ခြေဥအောက်က ရွေးကောက်ပွဲကို ဝင်ခိုင်းတဲ့နည်းနဲ့ ရှန်းထွက် ချင်တာပါ။

သူပြောသလိုလုပ်ကြရင် သူက ကောင်းကောင်းကြီး ထွက်ပေါက်ရသွားပြီး တိုင်းပြည်နှင့် လူမျိုးစုံ ပြည်သူလူထုကြီးကတော့ ၂၀၀၈ ခြေဥအောက်၊ စစ်အာဏာရှင်စနစ်အောက် စုံးစုံးမြုပ် ပြန်ပြီးရောက် သွားကြရမှာ ဖြစ်ပါတယ်။

**ဖြစ်နိုင်ရင် ငြိမ်းချမ်းစွာ ဖြေရှင်းချင်ပါတယ်။**

ကျနော်တို့အားလုံး နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းချင်ကြတဲ့သူတွေ ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ ဖြေရှင်းနေတဲ့သူတွေကို ခေါင်းကိုတည့်တည့်ချိန်ပြီး ရက်ရက်စက်စက် ပစ်သတ်ခဲ့လို့သာ တိုက်ပွဲပုံသဏ္ဍာန် ပြောင်းခဲ့ကြရတာ ဖြစ်ပါတယ်။ နိုင်ငံရေးနည်းနဲ့ ဘယ်လိုမှ ဖြေရှင်းခွင့်မရခဲ့လို့သာ စစ်ရေးနည်းနဲ့ ဆက်ရှင်းနေကြရတာ ဖြစ်ပါတယ်။

ဒါကို ပြောင်းပြန် ပြောဆိုနေတာကတော့ မအလရဲ့ အရှက်မဲ့မှုသက်သက်သာ ဖြစ်ပါတယ်။ လိမ်သာလိမ် ကြာကြာလိမ်ရင် ယုံသွားလိမ့်မယ် ဆိုတဲ့ စကားကလည်း စစ်အုပ်စုနဲ့ ပြည်သူလူထုကြားမှာ တော့ တိုးမပေါက်တော့တဲ့၊ ဒိတ်အောက်သွားတဲ့စကား ဖြစ်နေပါပြီ။

တွေ့ဆုံဆွေးနွေးရေးကို စစ်စစ်မှန်မှန် လုပ်ချင်တယ်ဆိုရင်၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးအပေါ် သဘောထား မှန်ကန်တယ်ဆိုရင် စစ်အုပ်စုက တွေ့ဆုံဆွေးနွေးရေး ဖြစ်နိုင်လောက်တဲ့၊ လုံလောက်တဲ့ နိုင်ငံရေးအခင်းအကျင်းတွေကို ဖန်တီးပေးရပါမယ်။ စစ်အုပ်စုအနေနဲ့ အနည်းဆုံး ဒီ ၆ ချက်ကို ဆောင်ရွက် ပေးရမယ်။

(၁) ဖမ်းဆီးထားတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အကုန်လွှတ်ပေးရမယ်။

(၂) ဗုံးကြဲတိုက်ခိုက် သတ်ဖြတ်နေတဲ့ အကြမ်းဖက်မှုတွေ ချက်ချင်းရပ်ပေးရမယ်။

(၃) အပစ်အခတ်ရပ်စဲရေးကို အတိအလင်း ကြေညာပေးရမယ်။

(၄) နိုင်ငံရေးအင်အားစုတိုင်းကို လေးလေးစားစား ဖိတ်ကြားပြီး တန်းတူရည်တူ ပါဝင်ခွင့် ပေးရမယ်။

(၅) နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်အတွင်းမှာ လူထုကို အကြောင့်ကျမဲ့စွာ ပါဝင်ခွင့်ပေးရမယ်။

(၆) မီဒီယာလွတ်လပ်ခွင့် ပေးရမယ်။

နောက်တခုက နိုင်ငံကို တကယ် တည်ငြိမ်အေးချမ်းသွားစေဖို့ဆိုရင် စစ်အုပ်စုအနေနဲ့ ဒီအချက် ၃ ချက်ကို သဘောတူကြောင်း ကတိပြုရပါလိမ့်မယ်။

(၁) စစ်တပ်က နိုင်ငံရေးမှ ထွက်ရမယ်။

(၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရမယ်။

(၃) အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအစီအစဉ်(Transitional Justice) ဆောင်ရွက်မှုကို လက်ခံရမယ်။

လုံလောက်တဲ့ နိုင်ငံရေးအခင်းအကျင်းဆိုင်ရာ လုပ်ရန် ၆ ခုနှင့် ကတိပြုစရာ ၃ ခုကို စစ်အုပ်စုက ဦးစွာ လုပ်ရပါမယ်။ အဲဒါတွေ မပါရှိဘဲ အလွတ်ပြောဆိုနေတာတွေကို အင်အားစုအားလုံးက လုံး၀ လုံး၀ အသိအမှတ်ပြုမှာ မဟုတ်ဘူး ဆိုတဲ့အပေါ် အတိအကျရပ်ခံကြရမှာ ဖြစ်ပါတယ်။

ဒီနေ့ဆိုရင် တော်လှန်ရေးအင်အားစုတွေက ထိန်းချုပ်ထားတဲ့မြို့ပေါင်း ၈၄ မြို့ ရှိသွားပြီ ဖြစ်ပါတယ်။ တရုတ်ကပဲ တားတား၊ အာဆီယံကပဲ မေတ္တာရပ်ရပ် ကိုယ့်အလုပ်ကိုတော့ကိုယ် ပြီးဆုံးအောင်လုပ်ကြရမှာ ဖြစ်ပါတယ်။ အာရကန့်တပ်တော် ဗိုလ်ချုပ်ထွန်းမြတ်နိုင်ပြောတဲ့ အင်္ဂလိပ်ကပဲတားတား တိုက်စရာရှိတာတော့ တိုက်ရမှာပဲ ဆိုတဲ့စကားက အမှန်ကန်ဆုံးစကား ဖြစ်ပါတယ်။

## ကိုင်ထားကြရမယ့် စံဟာ နွေဦးရည်မှန်းချက် ၃ ရပ် ဖြစ်တယ်

ကျနော်တို့ ဘယ်လမ်းရွေးမလဲဆိုတာ စစ်အုပ်စုအပေါ်မှာ တည်တယ်။

စစ်အုပ်စုအနေနဲ့ နိုင်ငံရေးလမ်းကို ရွေးမလား။ စစ်ရေးလမ်းကို ရွေးမလား။ ကြိုက်ရာရွေးပါ။

သေချာတာကတော့ ဘယ်လမ်းပဲရွေးရွေး လူထုနဲ့ အင်အားစုအသီးသီးကတော့ နွေဦးရည်မှန်းချက် ၃ ရပ် အထိုင်က တဆံချည် ဆုတ်ပေးမှာမဟုတ်ဘူး။

ကျနော်တို့အားလုံးအတွက် စံဟာ နွေဦးရည်မှန်းချက် ၃ ရပ်ကို အကျိုးပြုသလား၊ မပြုဘူးလား။ နွေဦးတော်လှန်ရေးကြီးနဲ့ in line ဖြစ်သလား၊ မဖြစ်ဘူးလားဆိုတဲ့ စံပဲ ဖြစ်ပါတယ်။

ကျနော်တို့ ဘုံသဘောထားချမှတ်ကြရာမှာ၊ ဘုံလုပ်ငန်းစဉ်ရေးဆွဲကြရာမှာ လက်မလွတ်တမ်း ကိုင်ထားကြရမယ့်စံဟာ နွေဦးရည်မှန်းချက် ၃ ရပ် ဖြစ်တယ်ဆိုတာကို အခိုင်အမာ ညွှန်းဆိုချင်ပါတယ်။

**လွန်းနွေငြိမ်း**

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်။

## ၈၈ ကအစပြုခဲ့တယ်

၈၈ က မွေးဖွားခဲ့ကာ
ယနေ့ထိတိုင် ရှင်သန်နေဆဲ ...
လူ့ဘောင်သစ်ကို
နမိတ်ကြိုပြီး
၂၀၀၈ ခြေဥဖျက်သိမ်းရေးနဲ့
ဖက်ဒရယ်ရေးကို မျှော်ရည်မှန်း
စစ်သုံးစစ်ကို ဆုံးခန်းတိုင် တိုက်နေတဲ့ DPNS...

KSSZ

## ကြေကွဲ

လခြမ်းဖျော့ဖျော့
အရိပ်အာဝါသနုနုအောက်မယ်
ကိုယ့်ပုစ္ဆာကို ကိုယ်တိုင်ငေးနေမိတယ်။

မရင်းနှီးသေးတဲ့
သင်ခန်းစာအသစ်တွေ
မစိမ်းကားသေးတဲ့
သင်ရိုးဟောင်းတွေကြား
ကန့်သတ်ချက်တွေ ကြားကန်နေမိတယ်။

အသစ်ဖြစ်ထွန်းဖို့
မြေဆီလွှာသစ်တွေ ထွန်ယက်ခဲ့ကြတယ်မဟုတ်လား။

ရုန်းကြရတဲ့လက်တွေက တဆင့်ပြီးတဆင့်
ကမ်းနေကြရဦးမှာပါ။

မျှတမှုတွေ အရောက်ချီဖို့
ကြေကွဲမှုတွေ ထမ်းပိုးကြရင်း
မင်းလက်ကလေးကိုဆုပ်ကိုင်ပြီး
အနာဂတ်လောက လူ့ဘောင်သစ်သို့ ...။

ရဲဘော်မောင်လေး

၈. ၁၀. ၂၄

# DPNS

မလွတ်မြောက်ရင်
တိုး
ရှေ့
ဆက်ဆက်တိုး ...
ကြယ်လေးလုံးဟာ
ဆုပ်တဲ့လက်တွေ မဖြည်ဘူး။

**ရဲဘော်သက်ထွန်း**
၁၄၊အောက်တိုဘာ၊၂၀၂၄
(၃၆)နှစ်မြောက် DPNS မွေးနေ့

## ခရီး

အေးအေးချမ်းချမ်း
ငြိမ်းငြိမ်းချမ်းချမ်း နေတော့မယ်တဲ့
ချေငွေဗာရားတီရှပ်ကို ကောက်မစွပ်ပါနဲ့။

တုတ်ဆွဲဓားဆွဲ လုပ်ပြီးကာမှလည်း
ဂန္ဒီကြီးပုံတီရှပ်နဲ့ ထွက်ထွက်မလာပါနဲ့။

တောမီးကလောင်နေတာလေ
ပုတီးထိုင်စိပ်
ငါးပါးသီလ ယူချင်သေးတာလား။

ဤလိုပုံဖြင့်
ပိုးသာကုန်
မောင်ပုံစောင်းမတတ် ဖြစ်ချေရော့မယ်။

သွားကြစို့
ငါတို့လမ်း
မြားတစင်းလို ဖြောင့်တန်းနေမှရမယ်။

ရဲရင့်လက်ဘ်

## ၃၆ နှစ်ကြာ ခရီးလမ်း

တရားမျှတမှုမရှိတဲ့အခါ
မြဲမြံအောင်ထိန်းသိမ်းရတာဟာ
အလွန်ခက်ခဲတယ်။

ပင်ပန်းမှုတွေ တိုးလာပေမယ့်
ခံနိုင်ရည်အားတွေ လျော့မသွားဘဲ
ဆက်လက်မောင်းနှင်ရင်း ယုံကြည်ချက်တန်ဖိုးကို
အမြင့်ဆုံးလွှင့်ထူလို့ ...

ဘုရားတွေများတဲ့နိုင်ငံမှာ
ရောင်ခြည်တော် ရောမလွှတ်တဲ့
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အဓွန့်ရှည်ပါစေ။

ခက်လက်သစ်

## နာမည်ဘယ်လိုပေးပေး မွှေးမြပါစေ

ဘာအသံမှမထွက်နိုင်တဲ့ ပန်းပွင့်သေးသေးလေးဆီက
သန်မာခြင်းရနံ့လေး လွင့်တင်လိုက်တယ်။

အုတ်တံတိုင်းပေါ်ပွင့်ရဲတဲ့ သတ္တိမျိုးနဲ့
နှင်းဆိုလည်း တမှုံချင်း
မိုးဆိုလည်း တပေါက်ချင်း
အားလုံးစုစည်းလိုက်တဲ့အခါ
နှင်းပင်လယ်လည်း ဖြစ်နိုင်ပါတယ်၊
မိုးပင်လယ်လည်း ဖြစ်နိုင်ပါတယ်။

လူ့ဘောင်အသစ်အတွက်
နှင်းဆိုလည်း နှင်း
မိုးဆိုလည်း မိုးပေါ့။

နွေအခါရောက်ရင်တော့ဖြင့်
လေပြေလေညင်းကလေးတွေကို
ဒီထက်ပို သန့်စင်သွားအောင်
အတူတူ လျှော်ဖွပ် ထုတ်လှန်းကြတာပေါ့။

**ယောဂီသစ်**

၁၃၊ ၁၀၊ ၂၄




# ဗမာပြည်နယ်ဖွဲ့စည်းရေးဘယ်လိုလဲ အပိုင်း (၂)

## "မြန်မာ့အရေး" အင်တာဗျူး အစီအစဉ်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၁၁ ရက်)

**ဒေါ်နှင်းနှင်းမွှေး**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး**

**မေး။** ။ နွေဦးတော်လှန်ရေးမှာ နိုင်ငံရေးပါတီတွေက ဘယ်လိုအခန်းကဏ္ဍမျိုးတွေမှာ ပါဝင်နေကြလဲ။

**ဖြေ။** ။ နွေဦးတော်လှန်ရေးမှာ ပါတီတွေအနေနဲ့ဆိုရင် သိသာထင်ရှားတာ နှစ်ပိုင်းလောက်ရှိမယ်ထင်တယ်။ တခုကတော့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံရေးပါတီတွေ ပြန်ပြီးမှတ်ပုံတင်ဖို့ စစ်အုပ်စုက ကြေငြာချက်ထုတ်တဲ့အချိန်မှာ ပြန်ပြီးတော့မှတ်ပုံတင်တဲ့ ပါတီတွေရှိကြသလို ပြန်ပြီး မှတ်ပုံမတင်တဲ့ ပါတီတွေလည်း ရှိကြတယ်။ ကျမတို့ပါတီကတော့ ပြန်ပြီး မှတ်ပုံမတင်ဘူး၊ စစ်အုပ်စုနဲ့ ဘယ်အဆင့်မှာမှ မပူးပေါင်းဘူးဆိုတဲ့ပါတီ ဖြစ်ပါတယ်။ ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက် ထွန်းကားရေးအတွက်ဆိုရင် ပါတီစုံဒီမိုကရေစီစနစ်ဟာ အင်မတန်မှ အရေးကြီးတယ်ဆိုတဲ့ စဉ်းစားချက် ကျမတို့ပါတီမှာ ရှိတယ်။ သို့သော်လည်း အဲ့ဒီစဉ်းစားချက်က အခုအခြေအနေမှာတော့ မဟုတ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီစစ်အုပ်စုက ဒီမိုကရေစီအခင်းအကျင်း အားလုံးကို ရိုက်ချိုးပြီးတော့ တိုင်းပြည်ကို ချောက်ထဲ၊ အမှောင်ထဲကို တွန်းပို့ပစ်တဲ့ လူရမ်းကားအုပ်စု ဖြစ်တယ်။ ဒီမိုကရေစီကို ရိုက်ချိုးခဲ့တဲ့အုပ်စုက ဒီမိုကရေစီကို ဘယ်လို ဖော်ဆောင်ပေးမှာလဲ။ အဲ့ဒီတော့ သူခိုးဓားပြတွေက ဖော်ဆောင်ပေးမယ်ဆိုတဲ့ ဒီမိုကရေစီဆိုတာကို ကျမတို့ ယုံကြည်စရာအကြောင်း မရှိဘူးလို့ မြင်ပါတယ်။

အခုလက်ရှိမှာ နိုင်ငံရေးပါတီတချို့ကတော့ စဉ်းစားချက်အမျိုးမျိုးနဲ့ မှတ်ပုံတင်ကြတာတွေ ရှိတယ်။ စစ်အုပ်စုဘက်ကနေ ပင်းပြီးတော့ သာသာထိုးထိုးနဲ့ အင်တာဗျူးနေကြတဲ့သူတွေလည်း ရှိတယ်။ အခြေအနေအရ အစုအဖွဲ့လေးတွေအဖြစ်နဲ့ ရပ်တည်ဖို့ အခွင့်အလမ်းက ဒါလေးပဲရှိတယ်ဆိုတဲ့ စဉ်းစားချက်မျိုးနဲ့ ရပ်တည်နေတဲ့ ပါတီတွေလည်းရှိတယ်လို့ ကျမတို့ ကြားရတာရှိတယ်။ သို့သော်လည်းပဲ ကျမတို့ နားလည်ထားဖို့လိုတာက ဒီမိုကရေစီအခွင့်အလမ်း အခင်းအကျင်း ဘယ်နေရာမှာမှမရှိတဲ့၊ ဘယ်နေရာမှ ဖော်ဆောင်

ပေးနိုင်ခြင်းမရှိတဲ့ ဒီစစ်အုပ်စုရဲ့လက်အောက်မှာ နိုင်ငံရေးပါတီအဖြစ်နဲ့ လှုပ်ရှားမယ်ဆိုတာကတော့ လုံးဝ မသင့်တော်ဘူးလို့ မြင်တယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးပါတီတရပ်ရဲ့ အဓိကရပ်တည်မှုက ပြည်သူ့ ထောက်ခံမှု ဖြစ်တယ်။ ပြည်သူ့အကျိုးကိုသည်ပိုးဖို့ ဖြစ်တယ်။ အဲ့ဒီတော့ ပြည်သူတွေက၊ တတိုင်းတပြည် လုံးကနေပြီးတော့ စစ်အုပ်စုကို မလိုချင်တော့ပါဘူး၊ ချက်ချင်းလက်ငင်း ဆင်းသွားပါတော့၊ နိုင်ငံရေး နယ်ပယ်မှာ မနေပါနဲ့တော့လို့ ပြောနေတဲ့ ဒီလိုအခြေအနေမျိုးမှာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရင် သူတို့ကို ဘယ်သူက မဲပေးမှာလဲ။ ပြည်သူရဲ့ထောက်ခံမှုကို မရဘဲနဲ့ ပြည်သူ့အကျိုးကို ဘယ်လို လုပ်ကြမလဲ။

နောက်တခုကကျတော့ ရွေးကောက်ပွဲလုပ်မယ်ဆိုပြီး ပြောနေပေမယ့် သူတို့မှာ ဒီမိုကရေစီ အခင်းအကျင်းကို ဖော်ဆောင်နိုင်မယ့် တရားဝင်မှုတစုံတရာ ဘယ်လိုနည်းနဲ့မှ ရှိမနေဘူး။ အဲ့လိုအုပ်စုမျိုးက သူတို့ထွက်ပေါက်အနေနဲ့ ရွေးကောက်ပွဲကျင်းပမယ်ဆိုရင် အတုအယောင်ကိစ္စပဲ ဖြစ်လိမ့်မယ်။ နောက်တခု ကတော့ ရွေးကောက်ပွဲကျင်းပမယ်ဆိုရင် ဘယ်မှာလဲ မဲစာရင်း။ သူတို့အာဏာသိမ်းကတည်းကိုက မဲစာရင်း အတုအယောင်၊ အလိမ်အညာတွေလို့ ပြောပြီး သိမ်းခဲ့တယ်။ အခု တနိုင်ငံလုံးက လူငယ်လူရွယ်တွေ နိုင်ငံခြားထွက်ကြတယ်။ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲကြတယ်။ အသတ်ခံကြရတယ်။ ပြေးကြ၊ လွှားကြ၊ ပုန်းကြ၊ ရှောင်ကြရတယ်။ ဘယ်လိုမှ တည်ငြိမ်မှုမရှိတဲ့ ခုလိုအချိန်မှာ ဘယ်လိုလုပ် မဲစာရင်း ကောက်မလဲ။

ကျမတို့မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စ နမူနာရှိခဲ့တယ်။ နာဂစ်မုန်တိုင်းတိုက်ပြီးတော့ လူတသိန်းခွဲ၊ နှစ်သိန်းလောက် သေကြေပျက်စီးရတဲ့ အခြေအနေမှာ သေသွားတဲ့ ပြည်သူတွေက မဲစာရင်းမှာပါပြီးတော့ မဲပေးခဲ့ကြတယ်ဆိုတဲ့ မဲစာရင်း ထွက်လာတယ်။ ဆိုတော့ ဒီစစ်အုပ်စုက လုပ်မယ် ဆိုတဲ့ ရွေးကောက်ပွဲကလည်း ခုနလိုပဲ အလိမ်အညာ မဲစာရင်းတွေနဲ့ လုပ်မယ့် မဲစာရင်းပဲဖြစ်တယ်။ ကျမတို့က ယုံကြည်စရာအကြောင်း မရှိဘူး။ အဲ့လို အခင်းအကျင်းမှာ ပါဝင်နေတဲ့ နိုင်ငံရေးပါတီတွေကို တိုက်တွန်းချင်တာကတော့ စစ်အုပ်စုကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေမှာ တရားခံအဖြစ်နဲ့ ပူးတွဲပါဝင်နေတဲ့ အခြေအနေမျိုး မဖြစ်ကြဖို့ မေတ္တာရပ်ခံ တိုက်တွန်းချင်ပါတယ်။

**မေး။** ။ ၁၀၂၅ ဒုတိယလှိုင်း လုပ်နေတဲ့အချိန် တော်လှန်ရေးအင်အားစုတွေရဲ့ စစ်ရေး၊ နိုင်ငံရေး အရှိန်မြှင့်လာတဲ့အချိန်မှာ တရုတ်က စစ်ကောင်စီကို လာတွေ့ပြီး မြန်မာ့နိုင်ငံရေးအပေါ် လမ်းကြောင်း ပေးမှုတွေအပေါ် ဘယ်လိုမြင်လဲ၊ ဘယ်လိုယူဆသလဲ။

**ဖြေ။** ။ အခု နွေဦးတော်လှန်ရေးမှာ စစ်အုပ်စုကို အခုလုပ်နေတဲ့ လုပ်ရပ်တွေက မသင့်တော်ဘူး ဆိုပြီးတော့ တော်လှန်ရေးအင်အားစုတွေဘက်က ရပ်တည်ပေးတဲ့နိုင်ငံတွေ၊ အသင်းအပင်း အဖွဲ့အစည်း တွေ၊ လူပုဂ္ဂိုလ်တွေ အားလုံးကို ကျေးဇူးတင်ကြောင်း အရင်ဆုံးပြောချင်ပါတယ်။ ကျမတို့ သတိပြုဖို့ လိုတာက နိုင်ငံတော်တော်များက သူတို့ရဲ့ အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကြတာ အမှန်ပဲ ဖြစ်တယ်။ တရုတ်မှတင်မကပါဘူး နိုင်ငံတော်တော်များများမှာ အဲ့ကိစ္စ ရှိနေကြတာတွေ့ရတယ်။ အထူး သဖြင့် တရုတ်နိုင်ငံဆိုရင် ကျမတို့နဲ့ နယ်နမိတ်အရှည်ကြီး ထိစပ်နေတယ်။ သူတို့အကျိုးစီးပွားတွေကလည်း ကျမတို့နိုင်ငံထဲမှာ မရေမတွက်နိုင်အောင် ရှိတယ်ဆိုတော့ မြန်မာနိုင်ငံထဲမှာရှိတဲ့ သူ့ရဲ့အကျိုးစီးပွားတွေ

ထိခိုက်မှာကို စိတ်ပူနေတယ်။ စစ်အုပ်စုကို တကယ်တမ်း အားပေးချင်တာ ဟုတ်ချင်မှတော့ ဟုတ်လိမ့်မယ်။ သို့သော်လည်းပဲ စစ်အုပ်စုက လောလောဆယ်မှာတော့ နိုင်ငံချင်းဆက်ဆံရေးအရ မဆက်ဆံမဖြစ်လို့ ဆက်ဆံရတဲ့ အနေအထားမျိုး ရှိနိုင်တယ်။ စစ်ရေးအခြေအနေ လူပ်လူပ်ခတ်ခတ်ဖြစ်ရင် သူတို့အကျိုးစီးပွားတွေ ပျက်စီးဆုံးရှုံးမှာကို စိတ်ပူပုံရတယ်။

တဖက်ကလည်း တော်လှန်ရေးအင်အားစုတွေနဲ့ ဆက်စပ်တဲ့ကိစ္စတွေကို ကျမတို့ ကြားနေရတာတွေ ရှိတယ်။ သေချာတာကတော့ ကျမတို့အလုပ် ကျမတို့ လုပ်ကြရမှာပဲ။ သူ့ဟာသူ ဘယ်လိုပဲ ပြောနေပြောနေ၊ ဒီတော်လှန်ရေးကြီးကို ရပ်လိုက်ပါ ပြောလို့လည်း ဘယ်သူကမှ ရပ်လိုက်မှာမဟုတ်ဘူး။ အခုလက်ရှိ အခြေအနေကိုပဲ ကြည့်လေ၊ သူတို့ စိုးရိမ်ပူပန်နေ၊ တားဆီးနေတဲ့ကြားထဲက တော်လှန်ရေးတပ်ဖွဲ့တွေ သိမ်းဆည်းထားနိုင်တဲ့ ဒေသတွေ၊ မြို့တွေ တနေ့တခြား တိုးပွားလာနေတယ်။ အဲ့ဒါ ကျမတို့ရဲ့ တော်လှန်ရေးလက်တွေ့ပဲ။

ဘယ်အလုပ်ကိုမဆို လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ကျမတို့ရဲ့ လူမှုလက်တွေ့ကို ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ကြရမှာ ဖြစ်တယ်။ ပြည်သူကလက်မခံရင် ဘယ်ကိစ္စမှ လုပ်လို့မရဘူး။ ခုနက နိုင်ငံရေးပါတီတွေကို မေတ္တာရပ်ခံသလိုပဲ တရုတ်ကိုလည်း မေတ္တာရပ်ခံချင်တာကတော့ နိုင်ငံတခုရဲ့ အစိုးရ၊ သို့တည်းမဟုတ် အာဏာပိုင်တွေဆိုတာက အခိုက်အတန့် ကာလတခုပဲ ဖြစ်တယ်။ ဒါပေမဲ့ ပြည်သူတွေက အစဉ်အဆက်ရှိနေမှာပဲ။ အဲ့ဒီပြည်သူတွေရဲ့ မုန်းတီးရွံရှာမှုကို ရသွားတယ်ဆိုရင် နောက်ပိုင်းမှာ ပြန်ပြီးချစ်ဖို့က အင်မတန် ခက်တယ်။ အဲ့ဒီအခြေအနေကို သူတို့ သေချာသတိပြုဖို့ လိုလိမ့်မယ်။ ဒီနိုင်ငံရဲ့အကျိုးစီးပွားကို မျှော်ကိုးတယ်၊ ဒီဒေသရဲ့ အေးချမ်းတည်ငြိမ်မှုကို တကယ်တမ်း မျှော်ကိုးတယ်ဆိုရင်တော့ စစ်အုပ်စုကနေ ကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေ၊ တိုင်းပြည်တွင်းမှာ မတည်မငြိမ်ဖြစ်အောင် လုပ်နေမှုတွေကို သူတို့ တားဆီးဖို့လိုတယ်၊ အကူအညီမပေးဖို့ လိုတယ်။

ဘယ်သူကမှ ကိုယ့်ရဲ့အချိန်တွေအကုန်ခံပြီး၊ အသက်တွေအသေခံပြီးတော့ ဒီစစ်ပွဲတွေကို ဆင်နွှဲချင်နေကြတာ မဟုတ်ပါဘူး။ နိုင်ငံရေးနည်းနဲ့ ဘယ်လိုမှဖြေရှင်းလို့မရလို့ လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲနေကြရတာဖြစ်တယ်။ ဒီနေ့၊ မနက်ဖြန် စစ်အုပ်စု နိုင်ငံရေးနယ်ပယ်က ထွက်သွားကြည့်။ အချိန်ကုန်ခံပြီးတော့၊ ကိုယ့်အသက် အသေခံပြီးတော့၊ ကိုယ့်ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေ အဆုံးရှုံးခံပြီးတော့ ဘယ်သူကမှ စစ်ပွဲတွေ ဆင်နွှဲနေကြမှာမဟုတ်ဘူး။ အဲ့အချက်ကိုတော့ တရုတ်တင်မကဘူး ဘယ်နိုင်ငံမဆို သေချာနားလည်ထားဖို့ လိုအပ်မယ်လို့ယူဆပါတယ်။ ကျမတို့ကတော့ ကိုယ့်အလုပ် ကိုယ်လုပ်ရမှာပဲ။

**မေး။** ။ ဝမ်ယိ လာသွားပြီးတဲ့နောက်မှာ ပိုပြီးတော့ ကျယ်ကျယ်လောင်လောင် ဖြစ်လာတာက တရုတ်ရဲ့ မြန်မာနိုင်ငံအပေါ် လမ်းကြောင်းပေးမှုကို အာဆီယံအပါအဝင် နိုင်ငံတကာက လိုက်ပါ လုပ်ဆောင်နိုင်တယ်ဆိုတဲ့ ပြောဆိုမှုတွေကို ဘယ်လိုမျိုး ယူဆလဲ။

**ဖြေ။** ။ ကျမတို့ပြည်သူတွေရဲ့ တကယ့်အခြေအနေမှန်နဲ့ ခံစားနေရတဲ့ ဒုက္ခတွေ၊ ဒီပြဿနာတွေရဲ့ အရင်းအမြစ်ကို ကျမတို့ပြည်သူတွေလောက် ဘယ်သူမှ မသိနိုင်ဘူး။ ငြိမ်းချမ်းရေးခေါင်းကိုင် ဖခင်ကြီးတွေ ဖြစ်ချင်တဲ့ရောဂါကလည်း နိုင်ငံတော်တော်များများမှာ ရှိကြတယ်။ သူတို့ပြောရုံမျှနဲ့ နိုင်ငံ အေးချမ်းသွားမယ်ဆိုရင် မင်းအောင်လှိုင်ကို နိုင်ငံရေးနယ်ပယ်ကနေ ချက်ချင်းထွက်သွားခိုင်းလိုက်လေ။ အဲ့ဒါ လက်တွေ့အကျ

ဆိုးပဲ။ ဒါပေမဲ့ အဲ့လိုတောင်မှ မင်းအောင်လှိုင်က လုပ်ပေးနိုင်တဲ့ အခြေအနေမရှိဘူး။ လုပ်လည်းလုပ်မှာ မဟုတ်ဘူး။ အဲ့တော့ သူတို့ဘာတွေပဲ ပြောနေပြောနေ၊ ဘယ်လိုပဲ လမ်းကြောင်းပေးနေ ပေးနေ ကျမတို့က ကျမတို့အလုပ်ကို ကျမတို့ လုပ်ရမှာပဲ ဖြစ်တယ်။ အာဆီယံ မူ ၅ ချက်ဆိုတာကလည်း အမှန်တကယ်ဆိုရင် စစ်အာဏာရှင်စနစ် ပြုတ်ကျရေးမဟုတ်ဘူး။ သူ့နေရာ သူပြန်ထားရေးပဲ။ အဲ့ကိစ္စလိုမျိုး စစ်အုပ်စုအတွက် အင်မတန် လိုက်လျောလွယ်တဲ့ ကိစ္စမျိုးကိုတောင်မှ မင်းအောင်လှိုင်က မလိုက်လျောခဲ့တာ။ ပိုဆိုးပြီး သူ့အတွက် ပိုပြီးတော့ ချောက်ကျစေမယ့် ကိစ္စတွေကိုပဲ အဆက်မပြတ် ကျူးလွန်ခဲ့တာ သုံးနှစ်ကျော် လေးနှစ်နီးပါး ရှိနေပြီဆိုတော့ ဘယ်လို ဘယ်အကြောင်းနဲ့မှ နိုင်ငံတကာရဲ့နှပ်ကြောင်းပေးမှုကို လိုက်သွားစရာ အကြောင်းမရှိဘူး။

ကျမတို့နိုင်ငံရဲ့ လက်တွေ့အခြေအနေအရ နှစ်ပေါင်း ၇၀ လောက် စစ်အာဏာရှင်စနစ်အောက်မှာ သေသေချာချာကို လူညွန့်တုံး ဖျက်ဆီးခံခဲ့ရတာ။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး အစစအရာရာ မှာ ကျမတို့နိုင်ငံ ချွတ်ခြုံကျခဲ့ရတာ။ အဲ့အခြေအနေကို ကယ်ဆယ်ဖို့ ကျမတို့နိုင်ငံကို တစ်ကနေပြန်စဖို့ အတွက် အခုအချိန်အခါက အကောင်းဆုံးအချိန် ဖြစ်တယ်လို့မြင်တယ်။ ဘယ်သူတွေက ဘာတွေပဲ ပြောနေပြောနေ ကိုယ့်ဝမ်းနာ ကိုယ့်သာသိ၊ ကိုယ့်ဒုက္ခ ကိုယ်ပဲသိတယ်။ စစ်အာဏာရှင်စနစ် မပြုတ်ကျသေး သ၍တော့ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး။ တကယ်လို့များ နိုင်ငံတကာက ဝိုင်းပြီးတော့ ဒီလိုမျိုး လမ်းကြောင်းကို တွန်းတင်တယ်ဆိုရင်လည်း ဘယ်တော့မှ တကယ့်အစစ်အမှန် ငြိမ်းချမ်းရေးကို ရမှာမဟုတ်ဘူး။ မယုံရင် ကြည့်လေ။ ပြီးခဲ့တဲ့ ဦးသိန်းစိန် လက်ထက်မှာ ချိုချိုသာသာ မျက်နှာဖုံးစွပ်ပြီးတော့ နိုင်ငံတကာကို တွေ့တယ်၊ အရပ်ဖက်အဖွဲ့အစည်းတွေကို တွေ့တယ်။ မျက်နှာလေး ပြုံးပြီးတော့ ပြုပြင်ပြောင်းလဲရေးပုံစံတွေ မျိုးစုံလုပ်တယ်။ ဒါပေမဲ့ အချိန်တန်ရင် စစ်တပ်က အာဏာသိမ်းတာပဲလေ။ သူတို့စစ်အုပ်စုရဲ့ တကယ့်ရည်ရွယ်ချက်မှာက နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေချင်တဲ့စိတ် လုံးဝမရှိဘူး။ ဆိုတော့ ကျမတို့က ကျမတို့ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်အောင် ဒီအချိန်မှာ တွန်းရင် တွန်း၊ မတွန်းလို့ရှိရင် နောင်လာနောက်သားတွေက ဒီထက်ပိုပြီးတော့ ဆိုးတဲ့အခြေအနေကို သိပ်မကြာခင်မှာ ကြုံရလိမ့်မယ်။ အဲ့ဒါ ကျမတို့အားလုံး သတိထားရမယ့် အချက်ဖြစ်တယ်လို့ မြင်ပါတယ်။

**မေး။ ။** စစ်ကောင်စီ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဒီရက်ပိုင်း ပိုပြီးတော့ ကျယ်ကျယ်လောင်လောင် ပြောဆိုလာတယ်။ SAC က ရွေးကောက်ပွဲကို လုပ်မယ်။ ဘယ်လိုလုပ်မလဲဆိုရင် အပိုင်းလိုက်ရွေးကောက်ပွဲ လုပ်မယ်ပေါ့၊ ဒီတော့ သူတို့လုပ်မယ်ဆိုပြီး ပြောတဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်လဲ။

**ဖြေ။ ။** ဗိုလ်မင်းအောင်လှိုင်က မိန့်ခွန်းတခုမှာ ရွေးကောက်ပွဲကျင်းပတဲ့အခါ သူတို့က ၂၅ ရာခိုင်နှုန်း ရနေပြီးသားကို သဘောထားကြီးပြီးတော့ ကျန်တဲ့ ၇၅ ရာခိုင်နှုန်းကိုပါ တနိုင်ငံလုံးအနှံ့အပြား ရွေးကောက်ပွဲ တွေ လုပ်ပေးမယ်ဆိုတဲ့စကားကို နိုင်ငံရဲ့ကယ်တင်ရှင်ကြီးပုံစံမျိုးနဲ့ပြောခဲ့တယ်။ အခုကျတော့ သူ့အခြေအနေ က မဟန်တော့ဘူး။ မြို့တွေ တမြို့ပြီးတမြို့ ကျတယ်၊ နောက် ရမခလို တတိယအကြီးဆုံး စစ်တိုင်းဌာနချုပ် တောင်ကျတယ်ဆိုတဲ့ အခြေအနေမျိုးမှာ အသံပြောင်းလာတယ်။ အပိုင်းလိုက်ရွေးကောက်ပွဲဆိုတာ အသံထွက်လာတယ်။ PR စနစ်ဆိုပြီးတော့ ပါတီတွေကိုမဲဆွယ်ပြီးမက်လုံးပေးတယ်။ ဒါပေမဲ့ တဖက်မှာ ဆိုရင်လည်း နိုင်ငံရေးပါတီတွေ မှတ်ပုံတင်တိုင်း မှတ်ပုံတင်ချပေးနေတာမဟုတ်ဘူး။ သူ့ သြဇာခံမယ့်၊

သူ ချယ်လှယ်လို့ရမယ်လို့ယူဆရတဲ့ ပါတီတွေကိုပဲ ချပေးတယ်ဆိုတာမျိုး ခန့်မှန်းလို့ရတဲ့အခြေအနေဖြစ်တယ်။

ကျမတို့နိုင်ငံမှာ အပိုင်းလိုက်ရွေးကောက်ပွဲက အခုမှလုပ်တာမဟုတ်ဘူး။ ဟိုးအရင်ကလည်း လုပ်ခဲ့ဖူးတော့ ကျမတို့နိုင်ငံရဲ့သမိုင်းကို ပြန်ပြီး သေချာလေ့လာကြဖို့လိုတယ်။ အဲ့ဒီအချိန်တုန်းကလည်း မသမာမှုတွေ၊ ရွေးကောက်ပွဲလူသတ်မှုတွေ အများကြီးဖြစ်ခဲ့တယ်။ အခုအခြေအနေက အဲ့ဒါထက်တောင် အများကြီး ပိုဆိုးနိုင်တဲ့အခြေအနေရှိနေတယ်။ စစ်တပ်က သူရဲ့ နောက်ဆုံးထွက်ပေါက်အဖြစ်နဲ့ လုပ်ချင်တာလို့ ယူဆရတယ်။ ဘာကြောင့်လဲဆိုတော့ ဗိုလ်မင်းအောင်လှိုင်မှာ ဦးထုပ်သုံးလုံးတောင် ရှိနေပြီ။ ဘယ်လိုများ ဦးထုပ်တွေ ဆောင်းလဲတော့ ကျမလည်းမသိဘူး။ သူ ရူးရင်ရူး၊ မရူးရင် ထူးလို့ပဲ။ သူမိန့်ခွန်းပြောတဲ့အချိန်မှာ ဗိုလ်နေဝင်းမပြုတ်ခင်တုန်းက လူထုကိုခြိမ်းခြောက်တဲ့ မျက်နှာထားနဲ့ အကြောက်တရားမျိုး သူ့မျက်နှာမှာ တွေ့ရတယ်။ ဆိုတော့ သူရဲ့ နောက်ဆုံးအချိန်ကလည်း သိပ်မကြာတော့ဘူး။ နောက်ဆုံးအချိန်ကိုရောက်နေတဲ့ သူတို့ရဲ့ အခြေအနေတွေကို သိတဲ့အတွက်ကြောင့် အဲ့ကနေ ထွက်လို့ရဖို့ အတွက် နည်းလမ်းပေါင်းစုံကို ကြိုးစားလာတာ ဖြစ်တယ်။ သူတို့က ဘာကို ကျင်းပပေးမယ်၊ ဘာတွေ လုပ်ပေးမယ်လို့ ဘယ်လိုပဲပြောပြော ကျမတို့ နားမယောင်ဖို့လိုတယ်။ သမိုင်းရဲ့ တရားခံတွေ မဖြစ်ကြဖို့ လိုတယ်။ နိုင်ငံရေးအင်အားစုတွေ၊ တော်လှန်ရေးအင်အားစုတွေက သတိကြီးကြီးထားပြီး ဆောင်ရွက်ကြဖို့ လိုတယ်လို့ ပြောချင်ပါတယ်။

**မေး။** ။ ဒီတော်လှန်ရေးအောင်ပွဲဟာ နိုင်ငံရေးနည်းနဲ့သာ အောင်ပွဲယူရမယ်လို့ ဆိုကြတယ်။ ဒီတော့ စစ်ရေးနဲ့ နိုင်ငံရေးကို ပေါင်းစပ်ပြီး ပန်းတိုင်ကို ချီတက်ဖို့ဆိုတာ လက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေအရ ဘယ်လို ဖြစ်နိုင်လဲ။

**ဖြေ။** ။ ကျမတို့ အခု စစ်တိုက်ကြရတယ်ဆိုတာက နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းလို့ မရတဲ့ အတွက်ကြောင့် နောက်တနည်းနဲ့ နိုင်ငံရေးလုပ်ကြရတာ။ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုတွေ ပါလာတယ်ဆိုတဲ့ ကိစ္စကလည်း အဲ့အခြေခံကနေ ပေါ်ပေါက်လာတာဖြစ်တယ်လို့ နားလည်ထားတယ်။ အခုလက်ရှိအခြေအနေမှာ မြို့နယ်တော်တော်များများကိုလည်း သိမ်းပိုက်ထားနိုင်တဲ့ အခြေအနေဖြစ်တယ်။ ၆၀ ကနေ ၇၀၊ ၇၀ ကနေ ၈၀၊ ဒါမျိုးတွေ သိမ်းပိုက်ထားနိုင်တယ်။ ဒီလောက်နဲ့တော့ တော်လှန်ရေးက အပြီးသတ်သွားမှာတော့ မဟုတ်သေးဘူးပေါ့။ စစ်အုပ်စုကိုအမြစ်ဖြတ်ပြီး နိုင်ငံရေးနယ်ပယ်ထဲက ထွက်သွား အောင် မောင်းမထုတ်နိုင်မချင်း ကျမတို့ ဆက်ပြီးတော့ သွားနေရဦးမှာ ဖြစ်တယ်။ စစ်ရေးတခုတည်းနဲ့တော့ ဆောင်ရွက်နိုင်မှာ မဟုတ်ဘူးလို့ထင်တယ်။ သို့သော်လည်း တော်လှန်ရေးလက်တွေ့မှာ စစ်ရေးက ဦးဆောင်နေတဲ့ တော်လှန်ရေးဖြစ်တယ်။ စစ်ရေးအင်အားစုတွေ၊ နိုင်ငံရေးအင်အားစုတွေ ဟန်ချက်ညီ ပေါင်းစပ်ဖို့ တကယ်ကို လိုအပ်တယ်။

ခိုင်မာတဲ့ တပ်ပေါင်းစုကြီး ချက်ချင်း ပေါ်ပေါက်ချင်မှ ပေါ်ပေါက်လိမ့်မယ်၊ ဒါပေမဲ့ ကျမတို့က အလုပ်လက်တွေ့ပေါ်မှာပဲ သွားကြရမယ်လို့ ထင်ပါတယ်။ အကုန်လုံးတူကြမှ အလုပ်လုပ်မယ်ဆိုရင်တော့ အလုပ်လုပ်ဖို့ တော်တော်ကြီးကို နှောင့်နှေးလိမ့်မယ်၊ ကြန့်ကြာလိမ့်မယ်။ ကျမတို့က ဘယ်နေရာတွေမှာ ကျမတို့ တူနိုင်ကြမလဲ၊ တူနိုင်တဲ့နေရာ စပြီးတော့ အလုပ်လုပ်ကြဖို့ လိုတယ်။ တချက်တူ တချက်ပေါင်းမယ်၊ နှစ်ချက်တူ နှစ်ချက်ပေါင်းမယ်။ သုံးချက်တူရင် သုံးချက်ပေါင်းမယ်။ အလုပ်အတူတူလုပ်နေရင်းနဲ့ ညီညွတ်

ရေး တည်ဆောက်ကြရမှာ ဖြစ်တယ်။ အလုပ်အတူတူ လုပ်နေရင်းနဲ့ ကျမတို့ကြားထဲမှာရှိတဲ့ ယုံကြည်မှုကို တည်ဆောက်ကြရမှာ ဖြစ်တယ်။ ဒီလိုမျိုး အလုပ်တွေ အတူတကွလုပ်ဆောင်ကြရင်းနဲ့မှ ဒီလူတွေ၊ ဒီပုဂ္ဂိုလ်တွေ၊ ဒီအဖွဲ့အစည်းတွေက ဘယ်လောက်ထိယုံကြည်ရတယ်၊ ဘယ်လောက်ထိအောင် လက်တွဲလို့ ရတယ်ဆိုတဲ့ ကိစ္စတွေက တော်လှန်ရေးလက်တွေ့နဲ့ ဖြတ်သန်းပြီးတော့မှ ကျမတို့လိုချင်တဲ့ တော်လှန်ရေး ပန်းတိုင်ကို အရောက်လှမ်းနိုင်မယ်လို့ထင်တယ်။ ချက်ချင်း ဝုန်းခနဲ နက်ဖြန်သန်ဘက် တော်လှန်ရေး အောင်လိမ့်မယ်လို့ မျှော်လင့်မနေဘူး၊ လက်တွေ့လည်းမကျဘူးထင်တယ်။ ကျမတို့တွေ အလုပ်အတူတူ လုပ်ရင်းနဲ့မှ တော်လှန်ရေးရဲ့ပန်းတိုင်ကို အရောက်သွားနိုင်ကြလိမ့်မယ်လို့ မြင်ပါတယ်။

**မေး။ ။** ဒီတော်လှန်ရေးအလွန်မှာ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍက ဘယ်လိုမျိုးနေရာမှာ ရှိနေမလဲ။ ဘယ်လို အခန်းကဏ္ဍမျိုးမှာ နိုင်ငံရေးပါတီတွေ ရှိနေကြမလဲ။

**ဖြေ။ ။** ကျမတို့မျှော်မှန်းတဲ့ အနာဂတ်ပြည်ထောင်စုမှာဆိုရင် ပါတီစုံဒီမိုကရေစီဆိုတာ ရှိဖို့လိုအပ်တယ်လို့ မြင်တယ်။ အနာဂတ်ပြည်ထောင်စုက ဘယ်လိုပုံစံ၊ ဘယ်လိုပုံသဏ္ဍာန်နဲ့ ဖွဲ့စည်းတည်ထောင်မယ်ဆိုတာ အပ်ချမတ်ချတော့ မပြောနိုင်ဘူး။ သို့သော်လည်းပဲ ပါတီစုံဒီမိုကရေစီစနစ်ရှိဖို့တော့ လိုအပ်တယ်လို့ ယေဘုယျအားဖြင့် ပြောလို့ရတယ်။ နိုင်ငံရေးပါတီတွေရဲ့ လွတ်လပ်စွာ ရပ်တည်၊ ရှင်သန်ခွင့်ကို သေသေ ချာချာ ဖန်တီးနိုင်တဲ့ အခြေအနေမျိုးရှိဖို့လိုအပ်တယ်။ ရွေးကောက်ပွဲကော်မရှင်လို ကိစ္စမျိုးတွေ၊ နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေလို ကိစ္စမျိုးတွေက ကျမတို့ ပြီးခဲ့တဲ့၊ ဖြတ်သန်းခဲ့ရတဲ့တလျှောက်မှာ ဆိုရင်တော့ တရားမျှတမှု နည်းပါးခဲ့တဲ့အခြေအနေမျိုးဖြစ်တယ်၊ စနစ်ကျနမှုနည်းပါးခဲ့တဲ့ အခြေအနေမျိုး ဖြစ်တယ်၊ လာမယ့် စနစ်မှာဆိုရင်တော့ တကယ့်ကို ဒီမိုကရေစီစနစ် ထွန်းကားရှင်သန်နိုင်တဲ့ အခြေအနေ မျိုး၊ ပြည်သူလူထုက ရွေးကောက်တင်မြှောက်တဲ့အခါမှာ ဘယ်မျက်နှာကိုမှ ငဲ့ကွက်တာမျိုး မဟုတ်ဘဲနဲ့ ပြည်သူလူထုကို တည့်တည့် မျက်နှာမူပြီးတော့ လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့၊ ဖွဲ့စည်းတည်ထောင်နိုင်တဲ့ အခြေအနေမျိုးကို ဖန်တီးနိုင်ဖို့တော့ လိုအပ်တယ်လို့ မြင်ပါတယ်။

**မေး။ ။** ဆွေးနွေးပြီးသွားတဲ့အထဲမှာ ဆရာမအနေနဲ့ထပ်ပြီးတော့ ဖြည့်စွက်လိုတဲ့အရာတွေရှိရင် ပြောပေးပါလား။

**ဖြေ။ ။** ကျမတို့ အတူတူ ဘယ်လောက်အလုပ်လုပ်နိုင်ကြမလဲပေါ့။ ဟန်ချက်ညီညီနဲ့ အချိတ်အဆက် မိမိ ဆောင်ရွက်နိုင်ရင် ဆောင်ရွက်နိုင်သလောက် တော်လှန်ရေးက ရှေ့ကို မြန်မြန်ရောက်မယ်။ အဲ့လိုမှ မဟုတ်ဘဲနဲ့ ကျမတို့ကြားထဲမှာ အငြင်းပွားစရာတွေ များနေဦးမယ်၊ တယောက်နဲ့တယောက် ယုံကြည်မှုတွေ တစုံတရာ လျော့နည်းနေဦးမယ် ဆိုရင်တော့ တော်လှန်ရေးက ရှည်ကြာနေဦးမှာဖြစ်တယ်။ စစ်အုပ်စုအတွက် အသက်ရှူခွင့် ရနေဦးမှာဖြစ်တယ်၊ ပြည်သူလူထုက ပိုပြီးတော့ ဒုက္ခဆင်းရဲတွေ ရောက်နေဦးမှာဖြစ်တယ်။ အဲ့ဒီတော့ တော်လှန်ရေး မြန်မြန်အောင်မြင်ဖို့အတွက်ဆိုရင် ကျမတို့အားလုံးကြားထဲမှာ အလုပ်တွေ အတူတူလုပ်ကြရင်း၊ ယုံကြည်မှုတွေ တည်ဆောက်ကြရင်းနဲ့ စစ်အုပ်စုကို နိုင်ငံရေးနယ်ပယ်ကနေ အမြန်ဆုံး မောင်းထုတ်နိုင်ပြီး ကျမတို့လိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အရောက်လှမ်းနိုင်ဖို့အတွက်ကို သိပ်မဝေးတော့တဲ့ ကာလမှာ အရောက်သွားနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ■

ပြန်လည်ဖော်ပြချက်

True News Journal

အတွဲ ၈၊ အမှတ် ၉။ (၁၂၊ ၁၊၂၀၁၆။)




# ပြည်နယ်ပေါင်းစုပြည်ထောင်စုတည်ဆောက်ရေး (ပထမပိုင်း)

## ဇော်ဇော်ထွန်း

မကြာမီရက်ပိုင်းအတွင်း 'ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ' ကျင်းပတော့မည်ဖြစ်သည်။ သေချာသည်ကတော့ တိုင်းပြည်တွင် ဆယ်စုနှစ်ပေါင်းများစွာ ရင်ဆိုင်နေရသည့် ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာကို ကိုင်တွယ်ရတော့မည်။ သို့ဆိုလျှင် ပြည်တွင်းစစ်ဖြစ်ခဲ့ရသည့် အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲသည့် ပြဿနာ သို့တည်းမဟုတ် လူမျိုးစုပြဿနာကို ဖြေရှင်းရန်မှာ အဓိက ခေါင်းစဉ်တရပ် ဖြစ်လာပေလိမ့်မည်။ အခြားခေါင်းစဉ်များ မရှိမဟုတ်၊ ရှိနိုင်သည်။ သို့သော် အရေးကြီးဆုံးများအနက် အရေးအကြီးဆုံး တခုအဖြစ် ရှေ့တန်းအရောက်ဆုံး ပြဿနာတရပ်အဖြစ် အလေးအနက်ထားရမည်။

အဆိုပါပြဿနာ ဖြေရှင်းရေးအတွက် တိုင်းပြည်ရှိ လက်ရှိ အာဏာကိုင်ထားသည့် အင်အားစုများ အပါအဝင် နိုင်ငံရေးအင်အားစုများ ယေဘုယျ လက်ခံကြသည့် လမ်းကြောင်းမှာ တိုင်းပြည်အား ဖယ်ဒရယ် ပြည်ထောင်စုစနစ်ပုံစံ တည်ဆောက်ရေး ဖြစ်သည်ဟုဆိုလျှင် မည်သူမျှ ငြင်းနိုင်မည်မဟုတ်ဟု ဆိုရပေမည်။ ထို့အတူ လူမျိုးစုအင်အားစုများအပါအဝင် နိုင်ငံရေးအင်အားစုများ၏ ဘုံရည်မှန်းချက်အဖြစ် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ ရွှေရတုဆုံးဖြတ်ချက်တွင်လည်း ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးမှာ အဓိကကျသည့် လုပ်ငန်းလမ်းညွှန် ဖြစ်သည်။

သို့သော် ဖယ်ဒရယ်ပြည်ထောင်စုကို မည်သည့်အခြေခံများဖြင့် မည်သို့မည်ပုံ တည်ဆောက်ကြမည်နည်း၊ အားလုံးလက်ခံနိုင်မည့် သို့တည်းမဟုတ် အများစု လက်ခံနိုင်မည့် အခြေခံများ အင်္ဂါရပ်များက မည်သို့နည်း၊ အထူးသဖြင့် အနီးခေတ်သမိုင်းတလျှောက် နည်းလမ်းပေါင်းစုံဖြင့် တောင်းဆို တိုက်ပွဲဝင်လာကြသည့် လူမျိုးစုအင်အားစုများ လက်ခံနိုင်မည့် ပုံစံဖြစ်ရန် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ကြရတော့မည်ဖြစ်သည်။ တိုင်းပြည်အား အဓိက ဦးဆောင်ဦးရွက်ပြုနေသည့်၊ ဦးဆောင်ဦးရွက်ပြုတော့မည့် နိုင်ငံရေးအင်အားစုများသည်လည်း မူသဘောဆောင်သည့် ယေဘုယျအခြေခံဖြင့် မရနိုင်တော့။ မိမိတို့၏ ရပ်တည်ချက်အမြင်သဘောထား အဆိုပြုချက်များ တင်ပြရတော့မည်။ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အရေးကြီးသည့် မေးခွန်းများအား ဖြေဆိုရတော့မည်။

ယခုစာစု၏ အဓိကရည်ရွယ်ချက်မှာ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံကျသည့် မေးခွန်းများအား ဖော်ထုတ်ပြီး ကာယကံရှင်များ (သို့မဟုတ်) သက်ဆိုင်သူများ အပါအဝင် တိုင်းပြည်တွင်းရှိ အင်အားစုများက ပွင့်ပွင့်လင်းလင်း အပြုသဘောဆောင်ကာ ဆွေးနွေးကြရမည့် အကြောင်းအရာများအဖြစ် တင်ပြရန်ဖြစ်ပါသည်။

## လူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့် ပြည်ထောင်စု

လက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်တွင်သောနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ဗြိတိသျှကိုလိုနီအုပ်စိုးသူများထံမှ လွတ်လပ်ရေးရယူပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့် ပထဝီနယ်မြေများအား စုပေါင်း၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတခုအဖြစ် ထူထောင်ခဲ့သည့် နိုင်ငံတခုဖြစ်သည်။ ကိုလိုနီလက်အောက် မရောက်ခင်က ယခု မြန်မာနိုင်ငံဟု ခေါ်သည့် ပထဝီနယ်မြေအပိုင်းအခြားတွင် မြန်မာနိုင်ငံဟု ခေါ်သည့် အမျိုးသားနိုင်ငံတရပ် မရှိခဲ့ဖူးပေ။ မြို့ပြနိုင်ငံများသာ ဖြစ်သည့် မင်းနေပြည်တော်များသာ ရှိခဲ့ကြသည်။ အင်အားကြီးသည့် မင်းတပါးပါးက အချိန်ကာလတခုခုတွင် အားနည်းသည့် မင်းနိုင်ငံများအပေါ် စိုးမိုးနိုင်ခဲ့ခြင်းသာ ရှိခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များ အပြန်အလှန် ယုံကြည်မှုတည်ဆောက်လျှက် အမြော်အမြင်ကြီးစွာဖြင့် ဆွေးနွေးညှိနှိုင်း၍ လွတ်လပ်ရေးအား အတူတကွ ရယူပြီး ပြည်ထောင်စုတရပ် ထူထောင်မည်ဟု သဘောတူ ဆုံးဖြတ်နိုင်ခဲ့သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်သည့်နိုင်ငံတခု ကမ္ဘာ့မြေပုံတွင် ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ မြန်မာနိုင်ငံအား ပြည်ထောင်စုနိုင်ငံတော်တရပ်အဖြစ် ထူထောင်ရာတွင် ပြည်ထောင်စုအဖွဲ့ဝင် လူမျိုးအသီးသီး၏ ပြည်ထောင်များဖြင့် စုစည်းတည်ထောင်ရန် ရည်ရွယ်၍ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ ဤအချက်နှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြုလွှတ်တော်တွင် လမ်းညွှန်ချက် တင်သွင်းရာ၌ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

မြန်မာပြည်ထောင်စုနိုင်ငံတော်ဆိုတာကို ကျနော် အထူးရှင်းပြနေစရာ မလိုပါဘူး။ ဒီနိုင်ငံတော်ကို ပြည်ထောင်တွေ စုထားမယ်ဆိုတဲ့ သဘောလောက်ပါပဲ။ ပြည်ထောင်စုနိုင်ငံတော်ဆိုကတည်းက ကျနော်တို့ အခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ unitary institution လူမျိုးတမျိုးတည်းဆိုတဲ့နိုင်ငံမျိုး မဟုတ်ဘဲ လူမျိုးပေါင်းစုံပြည်ထောင်စုနိုင်ငံ ဆိုတဲ့အဓိပ္ပာယ် ရောက်သွားပါတယ်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ မှီတင်နေထိုင်ရာ နိုင်ငံဖြစ်သည့်အပြင် စတင်တည် ထောင်ရန် ကြိုးပမ်းစဉ်ကတည်းကပင် လူမျိုးများစုစည်းထားသည့် လူမျိုးပေါင်းစုံပြည်ထောင်စုနိုင်ငံ အဖြစ်ရည်ရွယ်ခဲ့ခြင်း ဖြစ်ပါသည်။

**အမျိုးသားပြည်နယ်များ ဖွဲ့စည်းရေး**

လူမျိုးများ၏ ပြည်ထောင်များဖြင့် စုစည်းမည့် ပြည်ထောင်စု တနည်းအားဖြင့် ပြည်နယ်ပေါင်းစု ပြည်ထောင်စုဖွဲ့စည်းရန် အခြေခံယူနစ်များဖြစ်သည့် ပြည်နယ်များအား မည်သည့်အခြေခံပေါ်တွင် ဖွဲ့စည်းမည်နည်း ဆိုသည့်အချက်ကို ဦးစွာ ညှိနှိုင်းကြရတော့မည်။

လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်တွင် ကျင်းပခဲ့သည့် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံ၌ ပြည်ထောင်စု ဖွဲ့စည်းတည်ထောင်ရေးအတွက် ချမှတ်သည့် ပြဋ္ဌာန်းချက် အပိုဒ် (၃) တွင် ပြည်ထောင်စု ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်၊ လူမျိုးစုပြည်နယ် စသည့်ဖြင့် သတ်မှတ်ရေးအတွက် အင်္ဂါလက္ခဏာများအဖြစ် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့သည်ကို လေ့လာနိုင်သည်။

၁။ပထဝီအနေအထားအရ နယ်နိမိတ်အထင်အရှားရှိခြင်း၊

၂။မြန်မာစကားနှင့်မတူသော ဘာသာစကားတမျိုးတည်းရှိခြင်း၊

၃။ယဉ်ကျေးမှု တမျိုးတည်းရှိခြင်း၊

၄။ရာဇဝင်အစဉ်အလာ တမျိုးတည်းရှိသော လူစုရှိခြင်း၊

၅။စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးနှင့် စီးပွားရေးလုံလောက်မှုတို့ရှိသော လူစုရှိခြင်း၊

၆။လူဦးရေ အတော်အတန်ရှိခြင်း၊

၇။သီးခြားပြည်ထောင်စုအဖွဲ့ဝင်တခုအဖြစ်ဖြင့် မိမိ၏ ကိုယ်ပိုင်ထင်ရှားချက်အတိုင်း နေလိုသော ဆန္ဒရှိခြင်း၊

သို့ဖြစ်၍ ယခုခေတ်အခြေအနေနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေများ အစရှိသဖြင့် ဖွဲ့စည်းရန် အင်္ဂါလက္ခဏာများ သတ်မှတ်ရမည် ဖြစ်သည်။

လက်ရှိ တည်ဆဲ ဖွဲ့စည်းပုံအခြေခံဥဒေ(၂၀၀၈) တွင်မူ တိုင်းဒေသကြီး ၇ ခု နှင့် ပြည်နယ် ၇ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ ခု နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ခု စသည်တို့ဖြင့် ဖွဲ့စည်းထားသည်။ လူများစုဖြစ်သည့် ဗမာ(မြန်မာ) အများစုနေထိုင်သည့် ပြည်မနယ်မြေများအား တိုင်းဒေသကြီး ၇ ခုအဖြစ် ပထဝီအခြေခံဖြင့် ပိုင်းခြားသတ်မှတ်ကာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများအား ပြည်နယ်များအဖြစ် သတ်မှတ်ပေးထားပြီး ဝ လူမျိုးတို့အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ်လည်းကောင်း၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နှင့် ကိုးကန့်လူမျိုးတို့အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအဖြစ်လည်းကောင်း သတ်မှတ်ပေးထားသည်။ ထို့ကြောင့် ပြည်ထောင်စုအဖွဲ့ဝင်များအဖြစ် လူမျိုးအခြေခံဖြင့်လည်းကောင်း၊ ပထဝီနယ်မြေ အခြေခံဖြင့်လည်းကောင်း ပုံစံနှစ်မျိုးဖြင့် သတ်မှတ်ထားသည်ကို တွေ့ရသည်။

၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ တောင်ကြီးမြို့တွင် ကျင်းပခဲ့သည့် ပြည်နယ်ပေါင်းစုံ

ညီလာခံက ဆုံးဖြတ်အတည်ပြုခဲ့သော ဖယ်ဒရယ်မူဟုထင်ရှားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရေးစာတမ်း၌ ... 'တန်းတူညီမျှသောပြည်ထောင်စု ဖြစ်ပေါ်ရေး အတွက် ဗမာပြည်မအား ပြည်ထောင်စုအဖွဲ့ဝင် သီးခြားပြည်နယ်အဖြစ် ဖွဲ့စည်းရမည် ဖြစ်လေသည်။' ဟု ဖေါ်ပြလျှက် ဗမာပြည်နယ်ဖွဲ့စည်းထားရှိရေးကို အဓိကကျသည့် အချက်တခုအနေဖြင့် တင်ပြထားသည် ကို တွေ့ရသည်။

၁၉၉၀ ခုနှစ် ဇူလိုင် ၃၁ ရက်နေ့ ထုတ်ပြန်သော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း)တွင် အပိုဒ် (၂) ၌ 'တိုင်းရင်းသား လူမျိုးများ၏ အမျိုးသားပြည်နယ်များဖြင့် တန်းတူပူးပေါင်းဖွဲ့စည်းသော ပြည်ထောင်စုနိုင်ငံ ဖြစ်သည်' ဟု လည်းကောင်း၊ အပိုဒ် (၅) (က) ၌ 'ပြည်ထောင်စုမြန်မာနိုင်ငံကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ဗမာပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် အစရှိသော ပြည်နယ်ရှစ်ပြည်နယ်ဖြင့် တန်းတူ ပူးပေါင်းဖွဲ့စည်းရမည်။' ဟု လည်းကောင်း ဖော်ပြထားသည်။ သို့ဖြစ်ရာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားအခြေခံမှာလည်း အမျိုးသားပြည်နယ်များ ဖြစ်သည့် ဗမာပြည်နယ်အပါအဝင် ရှစ်ပြည်နယ်ဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရေးဖြစ်သည်။

၁၉၉၂ ခုနှစ်၊ ဇူလိုင် ၃၁ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၏ ဗဟိုဌာနချုပ် ဖြစ်ခဲ့သည့် မာနယ်ပလောဌာနချုပ်၌ ထိုစဉ်ကတည်ရှိခဲ့သည့် နိုင်ငံရေးအဖွဲ့အစည်းကြီးလေးဖွဲ့က ဖယ်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံတော် တည်ဆောက်ရေးသဘောတူညီချက်(မာနယ်ပလောစာချုပ်)ကို ချုပ်ဆိုခဲ့ သည်။ အဆိုပါ သဘောတူညီချက် အပိုဒ် ၅ (က) ၌ 'ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်ပြည်နယ်များဖြင့် စုပေါင်းဖွဲ့စည်းထားသည့် အမျိုးသားပြည်နယ်ပေါင်းစု ပြည်ထောင်စု ဖြစ်ရေးဟူ၍ ပါရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများအပါအဝင် လွတ်မြောက်နယ်မြေရောက် နိုင်ငံရေးအင်အားစုများကလည်း ဗမာအပါအဝင် လူမျိုးအခြေခံ အမျိုးသား ပြည်နယ်များ ဖွဲ့စည်းရေးကို လိုလားသည်ဟု မှတ်ယူရပေမည်။

မြန်မာနိုင်ငံအား ဖယ်ဒရယ်ပြည်ထောင်စုပုံစံအဖြစ် ထူထောင်မည်ဆိုပါက ပြည်ထောင်စုအဖွဲ့ဝင် များအား လူမျိုးအခြေခံသည့် အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းမည်လား၊ ပထဝီအခြေခံဖြင့် ပြည်နယ် များကို ပိုင်းခြားသတ်မှတ်မည်လား၊ သို့တည်းမဟုတ် နှစ်မျိုးရောစပ်မည်လား ဆိုသည်မှာ မေးခွန်းတရပ် ဖြစ်နေသည်။ တိုင်းရင်းသားလူမျိုးစုများနှင့် နိုင်ငံရေးအင်အားစုအချို့ကတော့ အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းမှသာ ''ဗမာလူမျိုးများ ခံစားရရှိသော အခွင့်အရေးအားလုံးကို တိုင်းရင်းသားလူမျိုးများကိုလည်း ခံစားခွင့် ရရှိစေရမည်ဟု'' ကတိပြုခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်နှင့်အညီ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးများအကြား တန်းတူပါဝင်သည့် ပြည်ထောင်စုတရပ်ဖြစ်လာမည်ဟု ဆိုကြသည်။

သို့ဆိုလျှင် ဗမာပြည်နယ် ဖွဲ့စည်းမည်ဆိုပါက မည်သည့်ဒေသများအား ထည့်သွင်း ဖွဲ့စည်းမည် နည်း။ လက်ရှိ တိုင်းဒေသကြီး ၇ ခုအား ပေါင်းစပ်ထည့်သွင်းမည်လား။ ဆက်စပ်မေးခွန်းအတွက် ဆက်လက် အဖြေရှာကြရမည်။ လက်တွေ့အခြေအနေအရ ထည့်သွင်းစဉ်းစားရမည့်အချက်များ ပေါ်လာ ပေမည်။ တိုင်းဒေသကြီး ၇ ခုအား ပေါင်းစပ်၍ ဗမာပြည်နယ်ဖွဲ့စည်းမည်ဆိုပါက ပထဝီအနေအထားအရ တဆက်တစပ်တည်းမရှိသည့် တနင်္သာရီတိုင်းဒေသကြီးအား မည်သို့စဉ်းစားမည်နည်း။ ထို့အပြင် ယင်း

ဒေသတွင် ဗမာလူမျိုးများသာ အများစုနေထိုင်ကြသည်မဟုတ်။ ကရင်လူမျိုးများ၊ မွန်လူမျိုးများ၊ ထားဝယ်လူမျိုးများ၊ ဆလုံလူမျိုးများအပါအဝင် အခြားမျိုးနွယ်စုများလည်း အများအပြား ရှိနေကြသည်။ တဖန် ဧရာဝတီတိုင်းဒေသကြီးအား လေ့လာကြည့်ပါက ဗမာလူမျိုးများနှင့် ကရင်လူမျိုးများ အများအပြား ရောယှက်နေထိုင်လျှက် ရှမ်း၊ ချင်း၊ ရခိုင်လူမျိုးများလည်း ရှိနေသည်ကိုတွေ့ရမည်။ နောက်ထပ် စဉ်းစားရမည့် နယ်မြေမှာ စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း ဖြစ်သည်။ ယင်းဒေသတွင် ဗမာလူမျိုးများက အများစုမဟုတ် ရှမ်း၊ ကချင်၊ နာဂ လူမျိုးများ အများအပြား စုစည်းနေထိုင်လျက် ရှိကြသည်။ ထို့ကြောင့် ကျန်သည့် ရန်ကုန်၊ ပဲခူး၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးများအား ပေါင်းစပ်၍ ဗမာပြည်နယ်အဖြစ် ယေဘုယျ သတ်မှတ်ဖွဲ့စည်းကြမည်လား။ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း နယ်မြေများနှင့် ပတ်သက်၍ သီးခြား စဉ်းစားကြမည်လား။

ဤနေရာတွင် ဆက်စပ်၍ လွတ်မြောက်နယ်မြေ(တိုင်းရင်းသားလက်နက်ကိုင်အင်အားစု အခြေစိုက်ရာ နယ်မြေများ)ရှိ တိုင်းရင်းသားအင်အားစုများ၊ နိုင်ငံရေးအင်အားစုများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများ စုပေါင်းဦးဆောင်မှုဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဖယ်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးဆိုင်ရာညှိနှိုင်းမှုကော်မတီ၏ အဆိုပြုချက်မူကြမ်းတွင် အထက်ပါ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း နယ်မြေများနှင့် ပတ်သက်၍ ဖြစ်ပေါ်နိုင်သည့် အလားတူ ကိစ္စရပ်မျိုးများအတွက် ဖြေရှင်းရန် နည်းလမ်းတခုအား လေ့လာတွေ့ရှိရသည်ကို တင်ပြလိုသည်။ ၎င်းအဆိုပြုချက်အရ ပြည်ထောင်စုအား ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် အမျိုးသားပြည်နယ်များနှင့် လူမျိုးတမျိုးတည်း အများစု တဆက်တစပ်တည်း စုစည်းနေထိုင်ခြင်းမရှိသည့် နယ်မြေများအတွက် တနင်္သာရီ၊ ဧရာဝတီ အစရှိသည့် အမျိုးသားများပြည်နယ်များဖြင့် ဖွဲ့စည်းထူထောင်ရေးဖြစ်သည်။

ထို့ကြောင့် လူမျိုးအခြေခံပြည်ထောင်များ စုပေါင်းသည့် ဖယ်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းရန် ဗမာအပါအဝင် အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းမည်လား၊ လူမျိုးတမျိုးတည်း အများစုမရှိသည့် ဒေသများအတွက် အမျိုးသားများပြည်နယ် ဖွဲ့စည်းမည်လား၊ အမျိုးသားပြည်နယ်အဆင့်ကို မည်သည့် လူမျိုးများအား သတ်မှတ်၍ မည်သည့်လူမျိုးများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သတ်မှတ်ပေးမည် ဆိုသည်မှာ မကြာမီ ဖြေဆိုကြရတော့မည့် မေးခွန်းများပင် ဖြစ်သည်။

**ဇော်ဇော်ထွန်း**




# စစ်ကောင်စီဖိတ်ခေါ်မှုလူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဘာလို့ပယ်ချလဲ

**Freelance Journalist Thet Htwe Naing မေး၍**

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ဗဟိုစည်းရုံးရေးကော်မတီဝင် ဒေါ်နိုးနိုးထက်စံမှ ဖြေသည်။**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်။

**မေး။** ။ ပြီးခဲ့တဲ့ စက်တင်ဘာလ ၂၆ ရက်နေ့က စစ်ကောင်စီက နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းအရ ဖြေရှင်းပေးဖို့ဆိုပြီး ဖိတ်ခေါ်လိုက်တယ်။ အဲဒီအပေါ်မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ DPNS ရဲ့ သဘောထား ဘယ်လိုရှိလဲ။ အဲဒီ့ ဖိတ်ခေါ်ချက်အပေါ် လက်ခံပါသလားခင်ဗျာ။

**ဖြေ။** ။ စစ်ကောင်စီရဲ့ ဖိတ်ခေါ်ချက်ကို ကျမတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက လက်မခံပါဘူး။ ဒါပေမဲ့ ကျမတို့က တွေ့ဆုံဆွေးနွေးရေးဆိုတာက နိုင်ငံရေးအရ ငြင်းပယ်ရတဲ့ကိစ္စ မဟုတ်ဘူးဆိုတာ နားလည်တယ်။ ဒီအချိန်လည်း မဟုတ်သလို ဒီဖိတ်ခေါ်မှုကိုလည်း လုံးဝလက်ခံမှာမဟုတ်ပါဘူး။ သူ့ရဲ့အချိန်ရှိတယ်။ သူ့ရဲ့ ဖိတ်ခေါ်ရမယ့်အချိန်ရှိတယ်။ အဲ့ဒါ ဘယ်အချိန်လဲဆိုတော့ သူတို့ပထမဆုံး အာဏာသိမ်းတဲ့နေ့မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ပြောထားတာရှိတယ်။ ကျမတို့ Statement ချက်ချင်းထုတ်တယ်။ အဲ့ဒီမှာ ကျမတို့ ပြောတယ်၊ ဘက်နှစ်ဘက်လုံး တွေ့ဆုံဆွေးနွေးကြပါ။ အာဏာသိမ်းတာမျိုး မလုပ်ပါနဲ့ ဆိုတာမျိုး ပြောခဲ့တာရှိတယ်။ ဒါပေမဲ့ အဲ့တုန်းကတော့ လူတော်တော်များများ ကျမတို့ကို စိတ်ဆိုးကြတယ်။ ဒါမျိုးပြောရကောင်းမလား ဆိုပြီးတော့။ ဒါက အဲ့တုန်းက သူ့ရဲ့ အခွင့်အရေးရှိခဲ့တဲ့ အချိန်အခါ ဖြစ်တယ်။ အခုတော့ သူ့မှာ အဲ့လို ပြောပိုင်ခွင့် ဖိတ်ခေါ်ပိုင်ခွင့်အခြေအနေ မရှိတော့ဘူးလို့ ကျမ မြင်တယ်။

**မေး။** ။ ဖိတ်ခေါ်ချက်ကို လက်မခံဘူးဆိုရင် ဘာကြောင့် လက်မခံဘူးလို့ ပြောနိုင်မလဲခင်ဗျ။

**ဖြေ။** ။ ပထမတချက်က သူတို့က နိုင်ငံတကာအခင်းအကျင်းမှာလည်း သူတို့ အရှုံးပေါ်တယ်။ ဒုတိယတချက်က လူထုအားလုံးရဲ့ ထောက်ခံမှု သူတို့က မရတော့ဘူး ဖြစ်သွားတယ်။ နောက်တချက်က

စီးပွားရေးအရ သူတို့ ချွတ်ခြုံကျနေတယ်။ အဲ့ဒီကာလမှာ သူတို့ရဲ့ ထွက်ပေါက်ဖြစ်တဲ့ ဒီနည်းလမ်းကို သုံးရတာ။ နိုင်ငံတကာကိုတော့ ကျနော်တို့က ဖိတ်ခေါ်နေပါတယ်၊ သူတို့ မလာတာပါ အထာပြပြီးတော့မှ တဖက်မှာ ရွေးကောက်ပွဲဝင်ဖို့ ကြိုးပမ်းတာဖြစ်တယ်။ သူတို့ရဲ့ တရားဝင်ဖို့လုပ်တာ ဖြစ်တယ်။ ဒါကြီးကို မြင်နေရတယ်။ ဥပမာဆိုကြပါစို့ ဒီလိုဖိတ်ခေါ်တယ် ဆိုလို့ရှိရင်တော့ အနိမ့်ဆုံးအဖြစ် အကြမ်းဖက်အဖွဲ့အစည်းလို့ သုံးနှုန်းတာကို ဒါမျိုးကို ဖယ်ပလိုက်ရမယ်။ ပထမတချက်၊ ဒုတိယတချက်အနေနဲ့က ဘယ်လိုပဲပြောပြော ဒီလို ဖိတ်ခေါ်ပြီဆိုလို့ရှိရင် နိုင်ငံရေးအကျဉ်းသားတွေ နိုင်ငံမှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ချုပ်နှောင်ပြီးမှ နိုင်ငံရေးစကား ပြောမယ်ဆိုရင် ဖြစ်နိုင်သလားပေ့ါ။ နောက်ဖိတ်ခေါ်တဲ့ပုံစံက လက်နက်ကိုင်အချင်းချင်းကြားမှာပဲ စကားပြောမယ်ဆိုတဲ့ အထာမျိုး ဖြစ်တယ်။ ဒါတွေက တကယ့်ကို စကားပြောချင်လို့ ဖိတ်တာမျိုးမဟုတ်ဘူး။ လုပ်နည်းလုပ်ဟန်အရ လုပ်ရမယ်ဆိုတဲ့ တာဝန်တရပ်ကို နိုင်ငံတကာကို ထိုးပြတဲ့ကိစ္စဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျမတို့က လက်ကိုမခံနိုင်ပါဘူး။

**မေး။ ။** အဲ့တော့ နိုင်ငံရေးပါတီတရပ်အနေနဲ့က ရွေးကောက်ပွဲလမ်းကြောင်းကနေ လွှတ်တော်အစိုးရမှာ တိုင်းပြည်အတွက် တာဝန်တွေထမ်းဆောင်ဖို့ဆိုတဲ့ အဓိကကျောရိုးလုပ်ငန်းစဉ်ရှိတာကိုး၊ ဆိုတော့ ရွေးကောက်ပွဲလမ်းကြောင်းက မသွားဘူးဆိုရင် တခြားရွေးချယ်ထားတဲ့ လမ်းကြောင်းက ဘာတွေရှိမလဲ။ ဘာဆက်လုပ်နိုင်မယ်လို့ ပြောနိုင်မလဲခင်ဗျ။

**ဖြေ။ ။** တကယ်တော့လည်း ဒီမိုကရေစီမှာ ရွေးကောက်ပွဲတခုက အရေးကြီးတယ်ဆိုပေမယ့် ကျမတို့ တိုင်းပြည်အတွက် အရေးကြီးတာက လူထုစည်းရုံးရေးပဲ။ နိုင်ငံရေးပါတီတခုရဲ့ အဓိကလုပ်ရမယ့်ဟာက လူထုစည်းရုံးရေးဖြစ်တယ်။ လူထုဆန္ဒကို ဖော်ဆောင်ရမယ့် တာဝန်တွေဖြစ်တယ်။ နောက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရတာ ပါတီရဲ့တာဝန်ဖြစ်တယ်။ ရွေးကောက်ပွဲဆိုတာက နောက်တဆင့် ဖြစ်တယ်။ ဒီမှာက ရွေးကောက်ပွဲလုပ်လို့မရနိုင်တဲ့ အခြေအနေမျိုးမှာ ရွေးကောက်ပွဲကို ဖိတ်ခေါ်တယ်၊ လုပ်မယ်ဆိုတဲ့ဟာမှာ ဒါကို ဦးတည်ပြီးတော့ နိုင်ငံရေးပါတီတွေက ကြိုးပမ်းတယ်ဆိုတာက တချို့အခြေအနေတွေနဲ့ ကိုက်ချင်မှ ကိုက်မယ်ပေ့ါနော်၊ ကျမတို့ပါတီအနေနဲ့တော့ မကိုက်ဘူး။ ကျမတို့ပါတီရဲ့ စဉ်းစားချက်ကတော့ လူထုအသံကိုနားထောင်ရမယ်။ လူထုအများစုက စစ်အုပ်စုကို မလိုချင်တော့ဘူး။ စစ်တပ်ရဲ့ယုတ်မာမှုကို တော်တော်သိသွားတဲ့အခါမှာ မလိုချင်တာကို ကျမတို့က အဲ့ဒါကို လက်ခံပေးလို့ မရဘူး။ ပါတီဆိုတာ လူထုစည်းရုံးရေးနဲ့အတူ သွားရတာ ဖြစ်တယ်။ လူထုအသံနဲ့ သွားရတာ ဖြစ်တယ်။ လူထုနဲ့အတူ ရှန်းရတာဖြစ်တယ်လို့ ကျမကဖြေချင်ပါတယ်။

**မေး။ ။** နောက်တခုက သူရဲ့ဖိတ်ခေါ်တဲ့နေရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းလို့ ပြောတယ်။ နောက်တခုက အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းလို့ ပြောတယ်။ နောက် အကြမ်းဖက် PDF ပေ့ါနော်။ ဒီနေရာမှာ နွေဦးတော်လှန်ရေးမှာ နိုင်ငံရေးဖြစ်စဉ်လှုပ်ရှားမှုမှာ တပ်ဦးမှာ အဓိကရှိနေတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ NUG ရှိတယ်။ တဖက်တည်းမှာပဲ တပ်ပေါင်းစုအသွင်သဏ္ဍာန်ဆောင်နေတဲ့ နယ်ပယ် (၅) ခုကို ကိုယ်စားပြုထားတဲ့ အမျိုးသားအတိုင်ပင်ခံကောင်စီ NUCC ရှိတယ်။ ဆိုတော့ ဒီအင်အားနှစ်စုကို ချန်လုပ်ပြီးတော့ သူက ဖိတ်ကြားသွားတယ်။ ဆိုတော့ ဒါနဲ့ပတ်သက်ရင်ကော

ဖိတ်ခေါ်မှုက ပြည့်စုံလုံလောက်တယ်လို့ ပြောလို့ရမလား။ အဖွဲ့အစည်းသဏ္ဌာန်အားဖြင့်ပေါ့။ အဲ့ဒီအပေါ်မှာကော ဆရာမအနေနဲ့ ဘာများပြောလိုလဲဗျ။

**ဖြေ။** ။ NUG ကိုရော NUCC ကိုရော ချန်ထားရတဲ့ ရည်ရွယ်ချက်ကိုက လက်နက်ကိုင်အချင်းချင်း စကားပြောရင် တိုင်းပြည်က ပြေလည်မယ်ဆိုတဲ့ အထာ၊ ဒါကြောင့်မို့လို့ ကျမတို့တိုင်းပြည်က တသက်လုံး ငြိမ်းချမ်းရေးမရခဲ့တာ၊ တသက်လုံး တွေ့ဆုံဆွေးနွေးရေးက အထမမြောက်ခဲ့တာ။ နိုင်ငံရေးစကား ပြောတယ်ဆိုတာက ခုနလို သက်ဆိုင်ရာ NUG လို အစိုးရမျိုး၊ NUCC လို ပေါ်လစီမိတ်ကာတွေ ဒါတွေဟာ စကားပြောရတဲ့အခြေခံဖြစ်တယ်။ ဒါတွေကို မသိဘူးလားဆိုတော့ သိတယ်၊ ဒါပေမဲ့ ကျမတို့ လက်နက်ကိုင်အင်အားစုတွေထဲမှာရယ် တိုင်းရင်းသားအင်အားစုတွေ နောက်ပြီးတော့ NUCC၊ NUG ကြားမှာ ခွဲထုတ်ဖို့လည်း ကြိုးစားတာပေါ့၊ မင်းတို့က ပိုပြီးတော့ အလေးရှိတယ်ဆိုတဲ့ အထာမျိုး လုပ်တာ ပေါ့။ သူတို့က နိုင်ငံရေးကိစ္စကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းမယ်ဆိုတာ ပါးစပ်ကသာ ပြောတာ။ ဒါပေမဲ့ လက်တွေ့ကတော့ နိုင်ငံရေးနည်းနဲ့ တကယ့်ကို ဖြေရှင်းချင်တဲ့စိတ်ကို လုံးဝ မရှိတာပေါ့နော်။

**မေး။** ။ ဒီကြေညာချက်အပေါ်မှာ ထပ်ဆင့်ရှင်းပြတာရှိတယ်။ အဲ့ဒီ အဓိက (၃)ချက်ကို ဖော်ညွှန်းသွား တယ်။ အဲဒီ (၃)ချက်က နိုင်ငံရေးအခြေအနေ ပြည်သူလူထုက တပူပေါ် နှစ်ပူဆင့် ဖြစ်သလို နိုင်ငံတကာ အခြေအနေအရ တိုင်းပြည်ညီညွတ်မှုမရှိရင် တိုင်းပြည်က ပျောက်သွားနိုင်တယ်။ နောက်တခုကတော့ ငြိမ်းချမ်းရေးကို ခေါ်ရတဲ့အကြောင်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ တချို့ နိုင်ငံတကာအဖွဲ့အစည်း တွေ ပြည်တွင်းအဖွဲ့အစည်းတွေ လူပုဂ္ဂိုလ်တွေက သူတို့ရဲ့သဘောထားကို ပြောလာတယ်ပေါ့နော်။ ဒါ့ကြောင့် လက်ခံလိုက်ရတာ ဖြစ်တယ်လို့ ပြောလာတယ်ပေါ့။ ဆိုတော့ ဒီ (၃) ချက်ကို ကြည့်မယ်ဆိုရင်ရော စောစောက ဆရာမပြောထားတဲ့ အချက်တွေကို ပြောင်းလဲစေနိုင်လား။

**ဖြေ။** ။ မပြောင်းလဲစေနိုင်ပါဘူး။ ဟာသကြားရသလိုပဲလေ။ မိကျောင်းတွေ မျက်ရည်ကျရတယ် ဆိုသလိုပေါ့။ ဘာလို့ အဲ့လိုပြောရလဲဆိုတော့ ပထမတချက်က ကျနော်တော့ ပြည်သူလူထုနစ်နာမှာစိုးလို့ နောက် ဒုက္ခတွေလည်း အများကြီးရောက်နေလို့ သိပ်ပြီးတော့ ကိုယ်ချင်းစာတယ်ဆိုရင် လေယာဉ်နဲ့ ဗုံးမကြဲပါနဲ့လို့ ပြောချင်တယ်။ သူတို့က ထုတ်လည်း ထုတ်ပြန်ထားသေးတယ်၊ အဲ့ဒီရက်တွေမှာလည်း ဗုံးကြဲသေးတယ်။ ဆက်တိုက်ပဲ သူတို့ ဘယ်လို ဗုံးကြဲနေတယ်ဆိုတာ သတင်းတွေမှာ အများကြီး တွေ့ရတယ်လေ။ လူတွေအကုန်လုံးက သတင်းလည်းနားထောင်တယ်၊ သိလည်းသိနေတယ်လေ။ နောက် တခုက ဘာလဲဆိုတော့ သူတို့က နိုင်ငံတကာရဲ့ဖိအားကို မခံနိုင်တော့ဘူး။ ဒီတော့ ငါတို့က ဖိတ်ခေါ်ရမယ် ဆိုတဲ့ကိစ္စက ကျမ အရှေ့မှာလည်း ပြောတယ်၊ အခုလည်း ထပ်ပြောချင်တာ အဲ့ဒါပါပဲ။ အဓိကကတော့ နိုင်ငံတကာရဲ့ဖိအား သိပ်များနေတာ၊ နောက်တခုက သူတို့ရဲ့ ခက်ခဲနေတာ ဘာလဲဆိုတော့ စီးပွားရေး စီမံချက်တွေက တဖြည်းဖြည်းနဲ့ တော်တော် ယုတ်လျော့လာတယ်။ ဆန်ရှင်လည်း ထိရောက်တယ်လို့ ပြောရမယ်။ ပြီးတော့ ထောင်ထဲမှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလည်း မထုတ်ဘူး။ တရားဝင် ဥပဒေဘောင်နဲ့ ကြိုးမိန့်ပေးနေတဲ့ ကိစ္စတွေ ဆက်လုပ်တယ်ဆိုတော့ ဒါတွေက ဘယ်လိုလုပ် ယုံကြည်ရမှာလဲဆိုတာ ရှင်းရှင်းလေးပဲလေ။

**မေး။** ။ ဖိတ်ခေါ်မှုလမ်းကြောင်းတွေ အမှန်တကယ် ဖြစ်ဖို့ဆိုရင် ဘယ်လိုတွေ စစ်ကောင်စီဘက်က လုပ်ပေးရင် အဆင်ပြေနိုင်မလဲ။ ဘယ်လိုအချက်တွေကို တောင်းဆိုချင်သလဲ။

**ဖြေ။** ။ ဟုတ်ကဲ့ နိုင်ငံရေးအရဆိုလို့ရှိရင်တော့ တွေ့ဆုံဆွေးနွေးရေးက လုပ်ကိုလုပ်ရမယ်။ ဒါပေမဲ့ အဲ့လို အားလုံးဆိုတဲ့နေရာမှာတော့ စစ်ကောင်စီက နိုင်ငံရေးအရ နားလည်တဲ့သူတော့မဟုတ်ဘူး။ ဆိုတော့ သူတို့ကို ပြန်ပြီးတော့ တရားစီရင်ရမယ့် ကိစ္စတွေရှိတယ်။ ဒီလို တရားစီရင်လို့ရနိုင်တဲ့ အခြေအနေအထိ သွားရမယ့်အနေအထား ဖြစ်သွားတယ်။ အဲ့ဒီလို တရားစီရင်ဖို့ရနိုင်ဖို့ဆိုတာ ဒီတိုက်ပွဲကို အနိုင်တိုက်ရတော့မယ်။

**မေး။** ။ အဲ့တော့ စစ်ကောင်စီကကမ်းလှမ်းမယ့် ဘယ်လိုစေ့စပ်ဆွေးနွေးမှုမျိုးမဆို ဒါဖြစ်နိုင်ဖို့ အလားအလာတော့ မနီးနီးထက်စံတို့ရဲ့ မူအရတော့ ဖြစ်နိုင်ဖို့မရှိဘူး။ နိုင်ငံတကာကတော့ စစ်ကောင်စီကိုလည်း State Holder တခုအနေနဲ့ သတ်မှတ်ပြီး စေ့စပ်ဆွေးနွေးရေးလမ်းကြောင်းပေါ်ကိုတော့ တက်ဖို့တော့ တိုက်တွန်းနေတယ်။ အဲ့တော့ ဘာဆက်လုပ်မယ်လို့ ပြောနိုင်မလဲခင်ဗျ။

**ဖြေ။** ။ ဟုတ်ကဲ့ ပထမတချက်ကတော့ ကျမတို့က ဒီကိစ္စကို နိုင်ငံတကာကိုလည်း မက်ဆေ့ပေးချင်တာ။ နိုင်ငံတကာရဲ့ လိုလားချက်ကို ကျမတို့ နားလည်တယ်။ ကျမတို့တိုင်းပြည်ရဲ့ ပဋိပက္ခကို ကျမတို့ပိုပြီး ငြိမ်းချမ်းချင်တဲ့စိတ် ရှိတယ်။ ကျမတို့ အကျိုးစီးပွားကို ကြည့်ပေးချင်တယ် ဆိုလို့ရှိရင် ကျမတို့တိုင်းပြည်ရဲ့ လူထုအသံကို နားထောင်ဖို့လိုတယ်။ အဲ့တော့ စစ်အုပ်စုနဲ့ သွားသွားညှိပြီးတော့ NUG ကို မတွေ့တဲ့ ကိစ္စတောင်မှ ဒါ ပြဿနာရှိတယ်လေ။ တရားဝင်မတွေ့တဲ့ကိစ္စ၊ ဒါ ကျမတို့ နိုင်ငံတကာကို မေးခွန်းထုတ်စရာ ရှိတယ်။ နိုင်ငံတကာရဲ့ အခုလို ပြေလည်ရာပြေလည်ကြောင်း စိတ်ဆန္ဒရှိပြီးတော့ လမ်းခင်းပေးတာကို ကျေးဇူးတင်တယ်။ သို့သော် နိုင်ငံတကာက လမ်းခင်းပေးတဲ့ပုံစံ မှားနေတယ်လို့ တိတိကျကျ ကျမ ပြောချင်တယ်။

**မေး။** ။ နိုင်ငံတကာနဲ့ ပတ်သက်လို့ တခုမေးချင်ပါတယ်။ တချို့ကမ္ဘာ့နိုင်ငံတွေမှာ အဲ့လိုမျိုး ကပ်ဘေးကျရောက်တဲ့အခါမှာ တိုင်းပြည်မှာရှိတဲ့ ပဋိပက္ခတွေမှာ စေ့စပ်ဆွေးနွေးမှုတွေဖြစ်လာတဲ့ သာဓကတွေ ရှိတယ်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်မှာ ၂၀၀၄ ခုနှစ်က လှိုင်းကြီးနဲ့ နောက်ဆက်တွဲ ဆူနာမီလှိုင်းတွေကြောင့် အာချေးပြည်နယ်လွတ်မြောက်ရေးအဖွဲ့တွေနဲ့ အင်ဒိုနီးရှားအစိုးရကြားမှာ ငြိမ်းချမ်းရေး စကားပြောမှုတွေ ဖြစ်လာတယ်။ အလားတူပဲ လစ်ဗျားနိုင်ငံမှာလည်း ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် safe fair အဆင့် ရောက်ခဲ့တဲ့အခြေအနေ ဖြစ်ခဲ့တယ်။ ဆိုတော့ မြန်မာနိုင်ငံမှာကော အဲ့လို အခြေအနေမျိုး မမျှော်လင့်နိုင်ဘူးလား။ အနိမ့်ဆုံးတော့ တဖက်နဲ့တဖက် အပစ်ရပ်ပြီး ကပ်ဘေးကျနေတဲ့ ပြည်သူတွေကို ဝိုင်းကူညီတာပေါ့လေ။ အဲ့ဒီလို မမျှော်လင့်နိုင်ဘူးလား။ ဘာကြောင့် မြန်မာနိုင်ငံကျမှ သဘောထားတွေ တင်းမာနေရတာလဲ။ ဘယ်လိုသဘောထားမျိုး ပေးချင်လဲဗျ။

**ဖြေ။** ။ ကျမတို့က ဖြစ်စေချင်တာတော့ ဟုတ်တယ်။ လူထုက တကယ် ကပ်ဘေးကျနေပြီ။ အဲ့တော့ နိုင်ငံတကာအပေါ် စစ်အုပ်စုအပေါ် ကျမတို့ဘက်က လုပ်နိုင်တာ လူထုအပေါ် မျက်နှာမူဖို့လိုတယ်။ အဲ့တော့ ဒီကာလတွေမှာ ဘယ်လို မျက်နှာမူကြမလဲပေါ့၊ ဒီလိုကာလကြီးမှာ။ စစ်အုပ်စုကလည်း သူတို့



တကယ် လူထုကို ကြည့်မယ်ဆိုရင် ဒီနေရာမှာ သက်သေပြဖို့ လိုတယ်။ ပထမဆုံးတော့ ဖုံးကြဲတာရပ်ဖို့ လိုတယ်။ ဒုတိယတခုက သူတို့ကိုယ်တိုင် ငါတို့ အပစ်အခတ်မလုပ်သေးဘူး။ ဘယ်လောက်ကာလပေါ့၊ ငါတို့ လူထုကိုကြည့်မယ်။ ဒါဆိုလို့ရှိရင်တော့ လက်ခံကောင်းလက်ခံမယ်။ ဥပမာ ငါတို့ ဒီအချိန်မှာ လူထုကို ပံ့ပိုးကြမယ်။ ဘယ်သူကမှ ဒီကိစ္စကိုမလုပ်ရဘူး။ ဥပမာဆိုကြပါစို့။ စစ်ဖြစ်ပွားနိုင်တဲ့ အခြေအနေတွေ မလုပ်ကြဘူး။ ငါတို့ဘက်ကလည်း နောက်ဆုတ်မယ်။ မင်းတို့ဘက်ကလည်း နောက်ဆုတ်။ လူထုကို အဓိကကူကြ။ ဒီလိုဆိုရင် တဖြည်းဖြည်းနဲ့ နားလည်မှုရနိုင်တယ်။ လူထုလည်း ဝမ်းသာမယ်။ ဘက်ပေါင်းစုံကနေ လူထုကယ်ဆယ်ရေးကို တကယ် လုပ်သင့်တယ်။ ဒါကတော့ ကျမ လုံးဝ recommand လုပ်တယ်။ တကယ်လို့ လူထုက အဲ့လိုမျိုး တောင်းဆိုတယ်ဆိုရင်လည်း ကျမတို့က အဲ့ဒီကိစ္စကို ဝိုင်းဝန်းပူးပေါင်းကြမှာပဲ။ သူတို့လေယဉ်တောင် ဖုံးကြဲနိုင်သေးတာပဲ။ အဲ့ဒီလူထုကို အစာတွေ သွားချပေးရင် လူထုပျော်မှာပေ့ါ။ ဟုတ်တယ်မလား။ ကားတွေနဲ့ သွားရတယ်။ ရှန်းလို့ မရတော့ဘူး။ ရေတွေကြီးထားတယ်။ လမ်းတွေမှာ ဒုက္ခရောက်နေကြတယ်။ သွားကူညီတဲ့ လူတွေကိုယ်တိုင် ဒုက္ခရောက်တယ်။ သူတို့သိပ်ပြီးတော့ တတ်နိုင်တယ်ဆိုတဲ့လေယာဉ်ကို ဒီနေရာမှာ အကျိုးရှိရှိ သွားအသုံးချရမှာပေ့ါ။ ကျမတော့ဒီကိစ္စမှာ တော်တော်ကို စိတ်မကောင်းဖြစ်ရတယ်။ ။ အဲ့တော့ ဘက်ပေါင်းစုံက တကယ်ကို ဒီနေရာမှာ ယုံကြည်မှုတို့ နားလည်မှုတို့ ပြန်လိုချင်တောင် ဒီဟာက အခွင့်ကောင်းဖြစ်တယ်။ လူထုကိုကူညီရေးက အခွင့်ကောင်းဖြစ်တယ်။ အဲ့တော့ အဲ့ဒါကို လုပ်ပြရဲဖို့ လုပ်ပြနိုင်ဖို့လိုတယ်လို့ စစ်အုပ်စုကို ကျမတော့ အဲ့လိုပဲပြောချင်တယ်။ ကိုယ့်ဘက်ကတော့ ကူညီခွင့်ရတယ်ဆိုရင် အတိုင်းထက်အလွန်ပဲ။ ကူညီဖို့ကို အမြဲတမ်းအဆင်သင့်ရှိတယ်။ NUG, NUCC ခုနလို လက်နက်ကိုင်တော်လှန်ရေး အင်အားစုအသီးသီးအကုန်လုံးကတော့ လူထုကို ကူညီရမယ်ဆိုလို့ရှိရင် အဆင်သင့်ဖြစ်တယ်။ ဒါကိုတော့ကျမက အာမခံတယ်။ လူထုကူညီရေးကိစ္စတွေ ကယ်ဆယ်ရေးကိစ္စတွေ တကယ်ပဲ လုပ်ချင်တယ်။

**မေး။ ။** နောက်ဆုံးအနေနဲ့ စစ်ကောင်စီရဲ့ နိုင်ငံရေးအရဖြေရှင်းဖို့ဆိုတဲ့ ဖိတ်ခေါ်ချက်အပေါ်မှာ ဆရာမအနေနဲ့ နိဂုံးချုပ်ချက် အမြင်တခုနဲ့ လူထုအတွက် သတင်းစကားတခု ပြောမယ်ဆိုရင် ဘာပြောလိုလဲဗျ။

**ဖြေ။ ။** ပထမဆုံးတခုကတော့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက နိုင်ငံရေးပွင့်လင်းလာမယ့် အခြေအနေမျိုးကို ရောက်အောင် ကြိုးစားမှာဖြစ်တယ်။ ဒုတိယတခုက စစ်ကောင်စီရဲ့ အခြေအနေကို လူထုရဲ့ သဘောဆန္ဒအရပဲ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက လိုက်လျှောက်မှာဖြစ်တယ်။ လူထုနဲ့အတူ ရှန်းမှာဖြစ်တယ်။ နောက်ဆုံးတခုအနေနဲ့ ပြောချင်တာက လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဆိုတာ ပြည်သူအတွက်ပါတီ ဖြစ်တယ်။ အဲ့ဒီတော့ လူထုနဲ့အတူ ရှန်းပြီးတော့ လုပ်ဆောင်သွားမှာပဲဖြစ်တယ်လို့ ဖြေချင်ပါတယ်။

■



# ၃၆ လူ့ဘောင်သစ်နှင့် ညီညွတ်လျှင် အောင်ပွဲရမည်

## ရဲဘော်ထွန်းမောင်

ပါတီအဖြစ် တရားဝင်မှတ်ပုံတင်ခွင့်ရခဲ့သည့် ၁၄၊ ၁၀၊ ၁၉၈၈ ကစပြီး ယနေ့အထိတိုင် စစ်အာဏာရှင်စနစ် စစ်သုံးစစ်ကို ပြည်သူလူထုနဲ့အတူ လက်တွဲပြီး အာခံဖီဆန် တော်လှန်ခဲ့သည့် လူ့ဘောင်သစ်ပါတီသည် ယနေ့ အောက်တိုဘာ ၁၄ ရက် ၂၀၂၄ ဆိုလျှင် ၃၆ နှစ်တိုင် ရှိခဲ့ပြီဖြစ်သည်။ ယခုလို ပါတီ ၃၆ နှစ်တိုင် ရှင်သန်နိုင်နေခြင်းကပင် ပါတီသည် လူထုအုံကြွမှုထဲမှ ပေါ်ထွက်ခဲ့၍ လူထု ထောက်ခံမှုဖြင့် ရပ်တည်နိုင်နေခြင်းဖြစ်ကာ မူလလမ်းကြောင်းကနေ နည်းနည်းလေးမှ သွေဖီ တိမ်းစောင်းသွားခြင်းမရှိဘဲ လူထုနှင့်အတူ တသားတည်း ရှေ့သို့ ဆက်ချီတက်နေခြင်းကြောင့် ဖြစ်သည်။

တဆက်တည်း ပြောချိန်တန် ပြောရချေဦးမည်။ လူ့ဘောင်သစ်ပါတီသည် စစ်အုပ်စု၊ စစ်ကောင်စီနှင့် စစ်ဗျူရိုကရက်ယန္တရားဖြစ်သည့် ရန်သူ စစ်သုံးစစ်ကို သမိုင်းဝင် ရှစ်လေးလုံးအရေးတော်ပုံကြီးမှသည် ရန်သူနှင့် မိတ်ဆွေ ခွဲခြားကွဲပြားသွားသည့် ယနေ့ကာလတိုင်ထိ လူထုနှင့်အတူ လယ်သမား၊ အလုပ်သမား၊ လူလတ်တန်းစား၊ အမျိုးသားခနရှင် လူတန်းစားတည်းဟူသော ကြယ်လေးလုံး အလံတော်၏ အထွဋ်အထိပ် နိုင်ငံရေးသီလ ထီးထီးချည်းဖြင့် ရောင်သွေးစုံလှ နိုင်ငံရေးလောကခံကို ကျော်နင်းနေသည့် တခုတည်းသော တိုက်ပွဲလက်ပွန်းတတီး နိုင်ငံရေးပါတီဖြစ်သည်။

ပါတီသည် ပြည်သူအပေါ် ဖိနှိပ်မှု၊ လယ်သမားထုနှင့် အလုပ်သမားထုအပေါ် လုယက်သွေးစုတ်မှုများကို ထုတ်ပြန်ချက်၊ ကြေညာချက်များဖြင့် အဆက်မပြတ် လှုပ်ရှားတိုက်ပွဲဝင်ခြင်းကြောင့်လည်းကောင်း၊ ကျောင်းသားထုကို အခြေခံ၊ လယ်သမား၊ အလုပ်သမားနှင့် ဆင်းရဲသားပြည်သူလူထုများထဲမှ လူငယ်ထုကြီးတရပ်လုံးကို စည်းရုံးမိခြင်းကြောင့်လည်းကောင်း၊ အားကောင်းမောင်းသန် လူ့ဘောင်သစ်နိုင်ခဲ့သည် တင်မက နည်းပရိယာယ်အရ ဥပဒေအတွင်း၌ အပြတ်သားဆုံးတိုက်နေခြင်းနှင့် တဆက်တစပ် ဖက်ဆစ်အား အမြစ်ပြတ်သုတ်သင်ချေမှုန်းနိုင်သည့် တခုတည်းသောလမ်းသည် လက်နက်ကိုင်တော်လှန်ခြင်းဖြစ်သည်ကိုလည်း ကနဦးတည်းက ရှင်းပြတ်သဲကွဲသည်။

ပါတီဖြတ်သန်းခဲ့သော ၃၆ နှစ်တာကာလခရီးအတွင်း အဆင့်အသီးသီးရှိ ပါတီဝင်ရဲဘော်ထု၏ ကြီးမြတ်လှသည့် အစဉ်မပြတ်ပေးဆပ်မှုအသင်္ချေ – ထောင်တွင်း၊ စစ်ကြောရေးအတွင်း၊ တောတောင်ထဲနှင့် လက်နက်ကိုင်တိုက်ပွဲများထဲ – စွန့်လွှတ်ခြင်း အဖုံဖုံတို့က စစ်သုံးစစ်ဖျက်သိမ်းရေး တိုက်ပွဲလက်တွေ့အတွင်း ပါတီ၏ နိုင်ငံရေးကျင့်ဝတ်သိက္ခာနှင့် ရင့်ကျက်ခိုင်ကျည်မှုအား ပို၍ ဆေးသားထပ်ဆင့် တောက်ပြောင်စေသည်။

မြန်မာပြည်လူ့ဘောင်ကြီးတရပ်လုံးကို အသစ်တည်ဆောက်မည် ဟူသော •• အဓိပ္ပာယ်ရှိသည့် ပါတီအလံကို ဆုပ်ကျစ်ထားသည့် အသက် ၃၀ ကျော်ဟန်ပင် မတူသေးသည့် ဤလူငယ်များသည် အမျိုးသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ်၌လည်း ပါတီတခုအနေနှင့် အရှင်းမြင်သည်။ အမျိုးသားတိုင်း၏ မွေးရာပါ အခွင့်အရေးဖြစ်ပြီး အုပ်ချုပ်မှုအာဏာ၊ ဥပဒေပြုအာဏာ၊ တရားစီရင်မှုအာဏာ၊ အာဏာ ၃ ရပ် ပါဝင်ကြောင်း ခြေမြစ်နားလည်သကဲ့သို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံတဲ့ ပြည်နယ်တွေ ဘယ်လိုပေါင်းစုမလဲဆိုသည့် ပြဿနာ၊ ပြည်နယ်အစိုးရများနှင့် ဗဟိုအစိုးရကြား အာဏာ ဘယ်လိုခွဲဝေမလဲ ဆိုသည့် ပြဿနာများအဖြစ် ဖက်ဒရယ်ပြည်ထောင်စုမူ အပေါ်၌လည်း ကွဲပြား မြင်သိ သဘောပေါက်သည်။

ဤနေရာတွင် စစ်သုံးစစ်တိုက်ဖျက်ရေး တိုက်ပွဲလမ်းခုလတ်၌ ကျဆုံးခဲ့ရသည့် ပါတီဥက္ကဋ္ဌဟောင်း၏ လူ့ဘောင်သစ်ပါတီဝင်တိုင်းသည် ဗကသဖြစ်ရမည်ဆိုသည့် ကြွေးကြော်သံကို အမှတ်ရသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးစသည်ဖြင့် အဖိနှိပ်ခံများဘက်က အစဉ်ရပ်ခံ၊ ခေတ်သမိုင်း အဆက်ဆက် ကျောင်းသားအရေးနှင့် တိုင်းပြည်လူထုအရေးတို့အတွက်ဆိုလျှင် ရဲဝံ့ခိုင်ကျည်စွာဖြင့် ဗွေဆော်ဦး ရှေ့ဆုံးတန်းမှ အစဉ်အမြဲတိုက်ပွဲဝင်ခဲ့သည့် ဗကသ၏ သမိုင်းဝင်၊ အစဉ်အလာ တိုက်ပွဲဝင်စိတ်ဓာတ်ကို ဦးညွှတ်ခြင်း တနည်း တိုက်ပွဲရှိလျှင် အောင်ပွဲရှိသည်၊ အောင်ပွဲဟူသည် တိုက်ရဲသူအတွက်ဖြစ်သည် ဟူသော လမ်းညွှန်ပြသချက်ဖြစ်သည်။

ယနေ့အချိန် ပါတီ ၃၆ နှစ်တာ ဖြတ်သန်းခဲ့ပြီးသည်နောက်၌ လွတ်လပ်မှု၊ တန်းတူမှု၊ သွေးစည်းညီညွတ်မှုတို့သည် လူ့ဘောင်သစ်ပါတီ၏ အခြေခံနိုင်ငံရေးအယူအဆ၊ စံတန်ဖိုးများအဖြစ် တခုတ်တရ ဆင့်ကမ်း ဖြစ်ထွန်းသွားသည်နှင့်အတူ တိုင်းရင်းသားလူမျိုးစုံပြည်သူတို့၏ ဘုံညီတူဆုံချက်ဖြစ်သည့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်တို့သည် နွေဦးတော်လှန်ရေးတခုလုံး၏ အနက်ရှိုင်းဆုံးသော ပကတိအမှန်တရားနှင့် တခုတည်းသော သစ္စာတရား ဖြစ်သွားသည်။

အုပ်စိုးသူလူတန်းစားက ပြည်သူလူထုကို လက်နက်ဖြင့် အကြမ်းဖက်ဖိနှိပ် သတ်ဖြတ်နေသမျှ

ပြည်သူလူထုက လက်နက်ကိုင်စွဲပြီး မိမိကိုယ်ကို ခုခံကာကွယ်ခြင်းသည် အစဉ်အမြဲ တရားမျှတသည် ဟူသော အယူအဆအရ လူမျိုးပေါင်းစုံ ပြည်သူလူထုနှင့် အာဏာယန္တရားကို အဓမ္မလုယူ သိမ်းပိုက်ထားသည့် ဖက်ဆစ်စစ်အုပ်စုတို့အကြား လက်ရှိဖြစ်နေသည့် စစ်ပွဲပဋိပက္ခသည် စစ်၏သဘောတရားအရ လူထုတရပ်လုံး ထောက်ခံပါဝင်သည့်ဘက်က ကျိန်းသေအနိုင်ရ အဆုံးအဖြတ်ပြုမည်သာ ဖြစ်ပေသည်။ လက်နက်ကိုင်တိုက်ပွဲဟု ဆိုရာတွင် စင်စစ်အားဖြင့် လူထုခုခံစစ်အဖြစ် အကြမ်းဖက်စစ်အုပ်စုကို လူထုစစ်ပွဲဖြင့် တွန်းလှန်နေခြင်းဖြစ်သည်။ တရုတ်၏ပယောဂကို ကျော်လွှားရန်နှင့် ဖက်ဆစ်တပ် အမြစ်ဖြတ်ရေးအတွက်သာမက အကျိုးစီးပွားတူ၊ အခြားနိုင်ငံကြီးများအားလုံး၏ ဗမာပြည်အပေါ် ကျားချောင်းချောင်းနေမှုများအား ကျနော်တို့ချင်း ညီညွတ်ရေးနှင့် စစ်အနိုင်တိုက်ရေးကသာ အဖြေမှန်စစ် ထုတ်ပေးနိုင်မည် ဖြစ်သည်။

ခုချိန်ကာလသည် ဗမာပြည်၏ ရင့်မှည့်နေသော တော်လှန်ရေးအား လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ သွေးစည်းညီညွတ်ရေးက ဘုံရန်သူ စစ်အုပ်စုအား အပြုတ်တိုက်ရေးအတွက် အခရာကျ သော့ချက်ဖြစ်လာနေပြီ မဟုတ်တုံလော။ ထို့နည်းတူစွာပင် ရှေ့ဆက် ပိုမိုပြင်းထန်လာမည့် သူသေကိုယ်ရှင် တိုက်ပွဲများအတွက်လည်း စိတ်ဓာတ်အရရော ရုပ်ဝတ္ထုအရပါ ကြိုတင်ပြင်ဆင်ထားကြရမည်သာ ဖြစ်သည်။ ကျနော်တို့ချင်း ညီညွတ်လျှင် အောင်ပွဲရမည် သေချာသည်။

ယနေ့ နွေဦးတော်လှန်ရေး၏ အန္တိမရည်မှန်းချက်သည် အာဏာရှင်မှန်သမျှ အကုန်အစင် အမြစ်ဖြတ်တိုက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေး ဖြစ်သည်။ သို့ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်ရေး၏ အဓိကသော့ချက်သည် ညီညွတ်ရေးနှင့် စစ်အနိုင်တိုက်ရေးသာလျှင် ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဟောင်း သခင်သန်းထွန်းကလည်း စစ်အတွင်းနိုင်ငံရေးသည် စစ်အနိုင်တိုက်ရေးသာ ဖြစ်သင့်သည်ဟု ဗမာပြည်သမိုင်းအား ထောက်ပြပြောဆိုခဲ့ဖူးပေသည်တကား။

ကျနော်တို့ချင်း ညီညွတ်လျှင် အောင်ပွဲရမည်ဖြစ်သည်။

ရဲဘော်ထွန်းမောင်

@HTTPS://WWW.FACEBOOK.COM/OFFICIALDPNS

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ - DPNS

## ၃၆ နှစ်မြောက်

## ကြွေးကြော်သံဖိုတိုကမ်ပိန်း လှုပ်ရှားမှု

HTTPS://T.ME/DPNSBURMESE

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၊ ၁၄ ရက်နေ့

@HTTPS://WWW.FACEBOOK.COM/OFFICIALDPNS

## ဘုံသဘောထားကိုချမှတ်

## စစ်သုံးစစ်ကိုအမြစ်ဖြတ်

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ( ၃၆ ) နှစ်မြောက် ကြွေးကြော်သံ

HTTPS://T.ME/DPNSBURMESE

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၊ ၁၄ ရက်နေ့

@HTTPS://WWW.FACEBOOK.COM/OFFICIALDPNS





HTTPS://T.ME/DPNSBURMESE